

# ဘဝအရေးစိတ်အေးရလေအောင်

## ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အရှင်နန္ဒမာလာဘိဝံသ

# ဘဝအရေး
# စိတ်အေးရလေအောင်

သို့ ..............................................................................

မှ ..................................................................................၏။

အမှတ်တရ ဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

အလှူအားလုံးတို့တွင်

တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၀၉ အရ

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ(၃၀)ရက်၊ပထမ အကြိမ်၊အုပ်ရေ-၁၀၀၀

**ထုတ်ဝေသူ**

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က ပုံနှိပ်ထုတ်ဝေသည်။

**မျက်နှာဖုံး ဒီဇိုင်း၊ အတွင်းဖလင်နှင့် ပုံနှိပ်**

**NEW DAY Graphic Design Scanning, Color Separation**

အမှတ် (၁၄၈)၊ လမ်း (၅၀)ထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၁၄၃၇၊ ၂၉၈၆၄၂

**တအုပ် ရရှိနိုင်သောနေရာ**

**ဦးကံထူး (စိုးစံ) အိလက်ထရောနစ်**

အမှတ် (၁၄၂) ၊ (၂၃)လမ်း၊
ဖုန်း-၀၁-၂၄၀၆၇၀၊၀၁-၅၁၃၂၄၃၊၀၉-၅၁၅၁၃၈၂၁

**မေ့မပျှောက် သာသနမာမကအဖွဲ့**

လူပုဂ္ဂိုလ်များဆိုင်ရာ မေ့စာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၀၈၈၀

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အမှာစာ

သာသနာတော်နှစ် ၂၅၅၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် (၄) ရက်နေ့၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊မလွှကုန်း ဒွေးကြွယ်(က) ရပ်ကွက်၊ သူဌေးလမ်းမိသားစုက (၈)နှစ်မြောက် ဝါတွင်းဝါပ ဆွမ်းလောင်းအလှူတော်ပွဲနှင့်စပ်လျဉ်း၍ ဆဋ္ဌမအကြိမ်မြောက် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မပူဇာဓမ္မသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော **"ဘဝအရေး စိတ်အေးရလေအောင်"** တရား ဒေသနာတော်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤစာအုပ်သည် အထက်ပါ နှုတ်ဟော တရားကို အသံမှစာအဖြစ် ကူးပြောင်းတည်းဖြတ်၍ ပြုပြင်ရေးသားသော စာအုပ်ဖြစ်သည်။

သံယုတ္တနိကာယ် ယက္ခသံယုတ် ပါဠိတော်မှ အာဠဝကသုတ်ကို "ဘဝအရေး စိတ်အေးရလေအောင်" အမည်ပေးကာ ရှင်းလင်းဟောကြားထားသည်။

အာဠဝကသုတ် အဋ္ဌကထာ၌ အာဠဝက မေးသည့် မေးခွန်း ၁၃–ပုဒ်မှာ ကဿပဗုဒ္ဓ ဖြေဆိုခဲ့သည့် အဖြေများ ရှိခဲ့ကြောင်း၊ နောက်ပိုင်း၌ အဖြေများပျောက်၍ မေးခွန်းများသာ ကျန်တော့ကြောင်း၊ အာဠဝကသည် မေးခွန်းများ ပျောက်မည်စိုး၍ ရေးမှတ်ထားကြောင်း၊ တန်ခိုးရှင် သမဏ၊ ဗြာဟ္မဏများနှင့်တွေ့တိုင်း အဖြေရရှိရေး ကြိုးစားခဲ့ကြောင်း၊ ဂေါတမဗုဒ္ဓနှင့်တွေ့သောအခါမှ "အဖြေမှန်"များ ပြန်လည်ရရှိကြောင်း စသည်ဖြင့် သမိုင်းကြောင်းကို ဖော်ပြထားသည်။

ဘဝအရေး မေးခွန်းများ၏ အဖြေမှန်ကို သိရှိရသဖြင့် အာဠဝကသည် အမြင်မှန်ရ၍ သံသယ ကင်းရှင်းခဲ့ရလေသည်။ ခက်ထန်ရိုင်းပျသောအသွင်မှ သိမ်မွေ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယဉ်ကျေးသောအသွင်သို့ ပြောင်းသွားရုံမျှမက ဘယ်နေရာ ဘယ်ဒေသသွားသွား ဗုဒ္ဓနှင့်ဓမ္မကို ဦးထိပ်ထား လျက်သာ ရှိသည်။

အာဠဝကသည် လိမ္မာယဉ်ကျေးသည့် ဗုဒ္ဓဘာသာဝင်စစ်စစ် သောတာပန် ပုဂ္ဂိုလ်ဖြစ်နေပါပြီ၊ အာဠဝကမှော်သွင်း၍ ကြမ်းပြသော အာဠဝကသည် သောတာပန် အာဠဝက မဟုတ်ပါ။

အာဠဝကသုတ္တန်၏ အနှစ်သာရမှာ ဗုဒ္ဓမြတ်စွာ၏ အဖြေလွှာများသာ ဖြစ်ပါသည်။ မိမိတို့၏ ဘဝအရေး စိတ်အေးရလေအောင် အာဠဝကမေးခွန်း၏အဖြေများကို လေ့လာမှတ်သားပြီး လိုက်နာကျင့်သုံးကြရမည် ဖြစ်ပေသည်။

**ဘဝအရေး စိတ်အေးရဖို့**
**ဓမ္မအသိ ရှိလျက် နေကြစို့၊**

**အရှင်နန္ဒမာလာဘိဝံသ**
၁၇ - ၆- ၂၀၀၉

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဘဝအရေး စိတ်အေးရလေအောင်

ဘုန်းကြီးတို့ ဒီကနေ့ ဘဝအရေး စိတ်အေး ရလေအောင် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ကြည့်၊ လူ တိုင်းလူတိုင်းဟာ ဘဝရထားလို့ ဘဝအရေးမှာ စိတ် အေးကြရပြီလား? ဘဝအရေး စိတ်အေးဖို့ ဘာတွေလို အပ်သလဲ? ဗုဒ္ဓမြတ်စွာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ က ဟောကြားထားတဲ့ တရားဓမ္မတွေ ရှိတယ်၊ ဘဝ တစ်ခုရထားတဲ့ပုဂ္ဂိုလ်တွေ ဘဝအရေး စိတ်အေးဖို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာတွေလုပ်ရမလဲဆိုတာ မှန်ကန်တဲ့ နည်းလမ်းကို ချမှတ်ပြီးတော့ ဟောပြောထားတာရှိတယ်။

သို့သော် လောကမှာရှိတဲ့ လူသားတွေကတော့ ဘဝအရေးစိတ်အေးဖို့ဆိုတာ တခြားနည်းနဲ့ပဲ တွေးပြီးတော့ လုပ်ဆောင်ထားလေ့ရှိကြတယ်၊ စီးပွားဥစ္စာတွေ ပြည့်စုံတယ်၊ နေစရာထိုင်စရာတွေ အကုန်ပြည့်စုံတယ်၊ လိုလေသေးမရှိအောင် ပြည့်စုံတဲ့ဘဝတစ်ခုရရှိထားပြီ ဆိုရင် လူတွေက ပြောကြတယ်၊ ဘဝအရေးတော့ စိတ်အေးရပြီတဲ့၊ တကယ်ကော စိတ်အေးရတာ ဟုတ်ရဲ့လား။

မရှိတဲ့လူကလည်း စိတ်မအေးရဘူး၊ ရှိတဲ့လူကလည်း စိတ်မအေးရဘူး၊ ဒါဖြင့် စိတ်အေးရတယ် စိတ်မအေးရဘူးဆိုတာ ရှိ မရှိနဲ့ သက်ဆိုင်ရဲ့လား၊ မသက်ဆိုင်ဘူး၊ ပိုက်ဆံချမ်းသာတဲ့လူကလည်း စိတ်အေးရတာ မဟုတ်ဘူး၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်ကလည်း စိတ်အေးရတာ မဟုတ်ဘူး။

ဘဝသံသရာခရီးကို လျှောက်တဲ့အခါမှာ ဒီဘဝ နောင်ဘဝဆိုတာ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူတွေဟာ မိမိတို့ ဒီဘဝမှာရှိနေကြတယ်၊ ဒါကိုတော့ လူတိုင်းလက်ခံကြတယ်၊ နောင်ဘဝ ရှိတယ်မရှိဘူး ဆိုတာကိုတော့ လူတိုင်းလက်မခံဘူးပေါ့၊ သို့သော်လည်း ဒီဘဝအရေးစိတ်အေးရတဲ့ ပုဂ္ဂိုလ်တွေကော ရှိရဲ့လား ဆိုလို့ရှိရင် မရှိနိုင်ဘူးပေါ့၊ လုံးဝစိတ်အေးရပြီလို့ပြော တဲ့ပုဂ္ဂိုလ်က တကယ်ကော စိတ်အေးရတာ ဟုတ်ရဲ့လား၊ မဟုတ်ဘူး၊ သို့သော် လူတွေကတော့ ပြောကြတယ်၊ ဘဝအရေး စိတ်အေးရပြီတဲ့။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ဟော ပြောချက်က လောကလူသားတွေရဲ့ အမြင်နဲ့ တလွဲစီပဲ ဖြစ်တာများတယ်၊ ဘဝအရေး စိတ်အေးဖို့ဆိုတဲ့ အကြောင်းအခြင်းအရာနဲ့ပတ်သက်ပြီးတော့ မြတ်စွာ ဘုရားက **"သံယုတ္တနိကာယ် အာဠဝကသုတ္တန်"**မှာ ဟောထားတာရှိတယ်။

## အာဠဝက သုတ္တန်

အာဠဝကဆိုတာ အားလုံးသိကြတဲ့အတိုင်းပဲ၊ ယက္ခလို့ခေါ်တဲ့ အင်မတန်ကြမ်းတမ်းတဲ့ ဘီလူးကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ကောင်၊ သို့သော် ဒီကနေ့အာဠဝကဟာ ထိုကဲ့သို့ ကြမ်းတမ်းတဲ့ပုဂ္ဂိုလ် မဟုတ်တော့ဘူး၊ ဗုဒ္ဓမြတ်စွာ၏ တရားဓမ္မကို နာယူပြီးတဲ့အခါမှာ အင်မတန်မှ လိမ္မာယဉ်ကျေးတဲ့ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပြီ၊ ပယောဂဆရာတွေက အာဠဝက မှော်သွင်းတယ်ဆိုပြီးတော့ ကြမ်းပြနေကြတုန်းပဲ ရှိသေးတယ်။

တကယ်တော့ စာလာပေလာ အာဠဝကဆိုရင် ကြမ်းစရာရှိပါဦးမလား၊ သောတာပန်ဖြစ်သွားရင်တော့ အာဠဝကဟာ ကြမ်းမဲ့ပုဂ္ဂိုလ် မဟုတ်တော့ဘူး၊ အင်မတန် လိမ္မာယဉ်ကျေးသွားပြီ၊ သူက ဘာပြောခဲ့တုန်းဆိုရင်

"သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ ပုရာ ပုရံ၊
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ"

"တစ်ရွာကနေ တစ်ရွာ၊ တစ်နယ်ကနေ တစ်နယ်၊ တစ်မြို့ကနေတစ်မြို့ မြတ်စွာဘုရားနှင့် တရားဓမ္မကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လက်အုပ်ချီမိုး ရှိခိုးပြီး သွားလာပါမယ်”လို့ပြောတာ၊ ဘယ်လောက် ယဉ်ကျေးလဲဆိုတာသိသာတယ်၊ ဟိုရွာ ဟိုမြို့ ဟိုနယ် ဒီနယ် လျှောက်ပြီးသွားတဲ့အခါမှာ ဘုရားကိုသာလျှင် ဦးထိပ်ထားပြီးတော့ သူ သွားပါမယ်လို့ ပြောတဲ့ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပြီ၊ အင်မတန် လိမ္မာယဉ်ကျေးသွားပြီ၊ သို့သော် တစ်ချိန်တုန်းကတော့ အင်မတန်မှကြမ်းတမ်းတဲ့ပုဂ္ဂိုလ်ဆိုတာ ဟုတ်တယ်၊ စိတ်ကြမ်းကိုယ်ကြမ်း၊ အင်မတန်မှ ကြမ်းတမ်းပေမဲ့လို့ ဗုဒ္ဓမြတ်စွာရဲ့တရားဓမ္မတွေကို နာလိုက်ရတဲ့အခါမှာ အလွန့်ကို သိမ်မွေ့ယဉ်ကျေးသွားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားတယ်။

## အနှစ်သာရ

အောင်ခြင်းရှစ်ပါးထဲမှာ တွေ့ကြလိမ့်မယ်ပေါ့၊ အာဠဝက ဘီလူးချုတ်ခန်းဆိုတာ၊ ဒီအာဠဝကကို မြတ်စွာဘုရားက အနိုင်ရလိုက်တာလေးကိုသာ ပြောကြတယ်၊ ထို အာဠဝကက မေးလို့ မြတ်စွာဘုရားက ဖြေခဲ့တဲ့ တကယ့်အနှစ်သာရပိုင်းကို အသိနည်းနေကြ

သေးတယ်၊ ဒီကနေ့ အနှစ်သာရပိုင်းကို ကြည့်ကြရအောင်၊ ထိုအနှစ်သာရပိုင်းကသာလျှင် မိမိတို့အဖို့ တန်ဖိုးရှိတယ်လို့ မှတ်ထားရမယ်နော်။

တရားနာတဲ့အခါမှာ ဓာတ်လမ်း ဓာတ်ကွက်က အဓိကမဟုတ်ဘူး၊ တရားဓမ္မမှာလာတဲ့ လိုက်နာကျင့်သုံးစရာ သင်ခန်းစာတွေရဖို့က အရေးမကြီးဘူးလား၊ ဘဝခရီးကို လျှောက်လှမ်းတဲ့အခါမှာ ဘယ်အရာတွေက အရေးကြီးသလဲဆိုတာ လူတိုင်း လူတိုင်း သိသင့်တာပေါ့၊ အရေးမကြီးတာတွေကို အရေးကြီးတယ်လို့ ထင်နေမယ်ဆိုရင် နောက်ဆုံးအချိန်ရောက်တဲ့အခါမှာ ဒုက္ခမရောက်ပေဘူးလား။

ဒါ့ကြောင့် မို့အရေးမကြီးတာကို အရေးကြီးတယ်လို့ မထင်မှားရလေအောင်၊ အရေးကြီးတာကိုလည်း အရေးမကြီးဘူးလို့ မထင်မှားရလေအောင် အရေးကြီးတာကို အရေးကြီးတယ်လို့ သိရမယ်၊ အရေးမကြီးတာကို အရေးမကြီးဘူးလို့ အမှန်အတိုင်းသိရမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## နာယူရုံဖြင့် မပြီး

ထိုကဲ့သို့ အမှန်အတိုင်းသိဖို့အတွက် တရားစမ္မ နာယူရတယ်၊ တရားက နာရုံသက်သက်နဲ့ အကျိုး ရှိမှာမဟုတ်ဘူး၊ ဆေးနဲ့အလားတူတယ်၊ ဆေးဆိုတာက ထို့အတူပဲ မြတ်စွာဘုရားတရားတော်ဟာ နာရုံနာထားပြီး လိုက်နာကျင့်သုံးမှု မပြုဘူးဆိုရင် အကျိုးတရားကို အပြည့်အဝ ဖြစ်ထွန်းစေမှာ မဟုတ်ဘူး။

ဒါ့ကြောင့်မို့ မြတ်စွာဘုရားက လုပ်ငန်း(၂) ခု အမြဲတမ်းဟောခဲ့တယ်၊ နံပါတ် (၁)က **ပရိယတ်**တဲ့ သင်ရမယ်တဲ့၊ အခု နားထောင်တာဟာ သင်တာပဲ၊ နောက်တစ်ခုက **ပဋိပတ်**တဲ့ လက်တွေ့ကျင့်သုံးရမယ် တဲ့၊ ခေတ်စကားနဲ့ပြောရင် theoretical နဲ့ practical ပေါ့၊ theory အနေနဲ့လည်းသိရမယ် လက်တွေ့လည်း ကျင့်သုံးနိုင်ရမယ်၊ theory သာရှိပြီး လက်တွေ့ ကျင့်သုံးလို့ မရတဲ့တရားဆိုလည်း သိပ် တန်ဖိုးရှိမှာ မဟုတ်ဘူး၊ ဒါ့ကြောင့် အသိဉာဏ်တစ်ခုဟာ လက်တွေ့ အသုံးချရတဲ့ အသိဉာဏ်မျိုးဖြစ်ဖို့လိုတယ်၊ ဒါကို apply

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လုပ်တယ်လို့ ပြောကြတာပေါ့၊ လက်တွေ့ အသုံးချတဲ့ ပညာဟာ အင်မတန်မှ တန်ဖိုးရှိတယ်။

## အာဠဝကသုတ္တန်ဖြစ်ပေါ်လာပုံ

အာဠဝကသုတ္တန် ဖြစ်ပေါ်လာပုံ ဇာတ်ကြောင်းကို တိုတိုလေးပြောရအောင်၊ အာဠဝက ဇာတ်ကြောင်းက အားလုံး သိနေကြတယ်၊ တစ်ခါတုန်းက အာဠဝီပြည်နားမှာ အာဠဝကဘီလူးကြီး နေထိုင်ရာ ဘုံဗိမာန်ရှိတယ်၊ အဲဒီဘုံဗိမာန်ကြီးက ဘယ်နားရှိလဲဆိုတော့ အာဠဝီပြည်နဲ့ မလှမ်းမကမ်း တောစပ်ဝမှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီညောင်ပင်ကြီးအောက်မှာ ရှိတယ်လို့ ပြောတယ်။

သူ့ရဲ့ဘုံဗိမာန်က မြင်ရလားလို့ဆိုတော့ မမြင်ရဘူး၊ လောကမှာ လူတွေပြောကြတယ်၊ သစ်ပင်တွေမှာ ရုက္ခစိုးရှိတယ်လို့ ပြောကြတယ်၊ ထို ရုက္ခစိုးနေတဲ့ ဗိမာန်ကို မြင်ရလားလို့ဆို မမြင်ရဘူး၊ လူတွေကတော့ ရုက္ခစိုးက သစ်ပင်ခွကြားမှာ တက်ထိုင်နေတယ်လို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထင်ကောင်းထင်မယ်၊ ကိုယ့်ဟာ ကိုယ်ထိုင်ကြည့်ပါလား၊ ဘယ်နှစ်ရက်ထိုင်နိုင်မှာတုန်း သစ်ပင်ခွကြား မထိုင်နိုင်ဘူးမဟုတ်လား၊ တကယ်တော့လည်း ရုက္ခစိုးဆိုတာ သစ်ပင်မှာ နေတာမဟုတ်ဘူး၊ သစ်ပင်နဲ့ဆက်စပ်ပြီး သူ့ရဲ့ ဘုံဗိမာန်ရှိတယ်။

အဲဒီ ဘုံဗိမာန်က **သာခဋ္ဌဗိမာန်**နဲ့ **ရုက္ခဋ္ဌဗိမာန်** လို့ နှစ်မျိုးရှိတယ်၊ **သာခဋ္ဌဗိမာန်**ဆိုတာက သစ်ကိုင်းနဲ့ ဆက်ပြီးတော့ ဘုံဗိမာန်ကတည်နေတယ်၊ အဲဒီ သစ်ကိုင်းတွေ ခုတ်လိုက်လို့ရှိရင် သူ့ရဲ့ အဆောက်အအုံ ပြိုကျသွားတယ်၊ ဒါက တစ်ခု။

တချို့ ရုက္ခစိုးတွေရဲ့ ဘုံဗိမာန်ကျတော့ **ရုက္ခဋ္ဌ** လို့ခေါ်တယ်၊ သစ်ပင်ငုတ်တိုကြီး ရှိနေလည်း သူ့ ဗိမာန် မပျက်ဘူး၊ အဲဒါကြောင့်မို့ လူတွေကတော့ နတ်နေကိုင်း ဆိုပြီးတော့ ချန်ချန်ထားကြတယ်လေ၊ အဲဒါ နတ်ဗိမာန် မပြိုအောင်လို့ သစ်ခက်ကလေးကိုချန်ပြီးတော့ ခုတ်ကြတယ်၊ **သာခဋ္ဌဗိမာန်**မျိုးကို ပြောတာ၊ **သာခဋ္ဌ**မှာ '**သာခ**' ဆိုတာ သစ်ခက်၊ '**ဋ္ဌ**'ဆိုတာ တည်နေတာ၊ သစ်ခက်

ပေါ်မှာတည်ရှိနေတဲ့ ဘုံဗိမာန်လို့ ပြောတာ၊ အဲဒီတော့ သစ်ခက်တွေကုန်အောင် ခုတ်လိုက်လို့ရှိရင်တော့ ဘုံဗိမာန်ကြီး ပြိုကျသွားပြီလို့သာ မှတ်ပေတော့၊ အဲဒီမှာ ရုက္ခစိုးက နေစရာမရှိတော့ဘူး၊ လူတွေကမြင်ရလား ဆိုတော့ မမြင်ရဘူး။

လောကမှာ လူတွေ မမြင်နိုင်ရတဲ့ အရာတွေ အများကြီးရှိတယ်၊ ရှိတော့ရှိတယ် မမြင်ရဘူး၊ မျက်စိနဲ့ မြင်လို့ရတာ တစ်ခုထဲပဲ ရှိတယ်၊ ဘာလဲဆိုတော့ **ရူပါရုံ** လို့ခေါ်တဲ့ အဆင်းတစ်ခုတည်းပဲမြင်လို့ရတယ်၊ ဒါဖြင့် ပုံပန်းသဏ္ဌာန်တွေကော မမြင်ရဘူးလားဆိုတော့ သဏ္ဌာန်က စဉ်းစားပြီးပညတ်တာ၊ မြင်တာက အဆင်း, ကျန်တဲ့ ပုံပန်းသဏ္ဌာန်က စိတ်ကူးပြီး ပုံဖော်ထားတာ၊ ဒါ့ကြောင့် မျက်စိက မြင်ရတယ်ဆိုတဲ့ **ရူပါရုံ**ကို အဆင်း လို့ ဒီလို မြန်မာပြန်လေ့ရှိတယ်။

ဘုန်းကြီးတို့ သီဟိုဠ်မှာနေတုန်းက ဒကာကြီး တစ်ယောက်က မေးဖူးတယ်၊ မျက်စိနဲ့မြင်ရတာ colour လား? form လား? လို့ သူကမေးတယ်၊ စာပေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျမ်းဂန်အရ ပြောမယ်ဆိုရင် colour ကိုလည်း မြင်ရတယ်, form ကိုလည်း မြင်ရတယ်လို့ ပြောရမယ်၊ သို့သော် colour ကို မြင်ရတာ အဓိက၊ colour လို့ ပြောပြန်လို့ရှိရင်လည်း colour မဲ့တာတွေရှိနေတော့ တစ်မျိုးပြောရပြန်တယ်၊ အဲဒါကြောင့် မျက်စိနဲ့ မြင်ရတဲ့ ဟာကို visible object လို့ပြန်တယ်၊ မျက်စိနှင့်မြင်ရတဲ့ အဆင်းလို့ ဒီလိုပဲ ပြန်ရတယ်၊ **ဓမ္မသင်္ဂဏီပါဠိတော်** မှာတော့ မျက်စိနဲ့မြင်ပြီး သိရတဲ့ပုံပန်းသဏ္ဌာန်တွေကိုပါ ထည့်ပြီး မြတ်စွာဘုရားက အဆင်းလို့ဟောတာ။

ရူပလို့ ခေါ်သော အရာသည် မျက်စိနဲ့ မြင်လို့ ရတဲ့အရာကို ပြောတာ၊ သို့သော် မျက်စိနဲ့ မြင်ပြီးတော့ စိတ်ကူးလို့ရတဲ့ အရာတွေကိုလည်း ထည့်သွင်းပြောတယ်လို့ မှတ်ပါ၊ မျက်စိနဲ့ မြင်လို့ရတဲ့အရာကို နားနဲ့ကြားရရဲ့လား၊ မကြားရဘူးနော်၊ သူ့ဟာနဲ့သူ တစ်ခုစီ၊ အဲဒီတော့ လူတွေရဲ့မျက်စိနဲ့ မြင်လို့မရတဲ့အရာတွေဟာ လောကမှာ မြောက်မြားစွာ ရှိတယ်။

နတ်တို့၏ ဘုံဗိမာန်ကို လူတွေက မမြင်ကြရ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘူးတဲ့၊ အဲဒီ **သာခန္ဓဗိမာန်**ဆိုတာ သစ်ခက်ပေါ်တည် နေသော ဗိမာန်၊ ထိုသစ်ခက်ကို ကုန်အောင်ခုတ်လိုက်ရင် ထိုရုက္ခစိုး၏ဘုံဗိမာန် ပျက်စီးသွားပြီး **ရုက္ခန္ဓဗိမာန်**က တော့ သစ်ပင်သစ်ငုတ်ကျန်နေသေးသမျှ ကာလပတ်လုံး သူ့ဗိမာန် မပျက်စီးဘူးတဲ့ ဒီလိုပြောတာ၊ လူတွေလည်း ဘာထူးတုန်း– အိမ်ဆောက်ထားတဲ့နေရာ မြေပြိုကျသွား ရင် အိမ်တွေ မပျက်စီးဘူးလား၊ အဲဒီသဘောပါပဲ၊ အဲ တော့ လူတွေက မြေကြီးပေါ်မှာ အိမ်ဆောက်ပြီး နေတာ။

ရုက္ခစိုးဆိုတာလည်း သစ်ပင်ပေါ်မှာ သူ့ရဲ့ ဘုံဗိ မာန် ပေါ်နေတာ, သူတို့ကျတော့ ကိုယ်တိုင်လုပ်လို့ရတဲ့ အရာ မဟုတ်ဘူး၊ သူတို့ဘဝက ကံပေါ်မှာ မှီတည်ပြီးနေ ရတယ်၊ ဒါကြောင့်မို့ နတ်တို့ရဲ့ဘဝကို ကံ၏အကျိုး ကိုမှီပြီး အသက်မွေးရတဲ့ **ကမ္မဖလူပဇီဝီ**၊ လူတွေနဲ့ အသက်မွေးပုံချင်း မတူဘူးတဲ့၊ လူတွေကျတော့ **ဥဋ္ဌာန ဖလူပဇီဝီ** လုံ့လဝီရိယပေါ် မှီတည်ပြီး အသက်မွေးရ တယ်တဲ့၊ ကြိုးစားရင် ကြိုးစားသလောက်ရတယ်၊ ကံတော့ ပါတာပေါ့၊ ဒါပေမဲ့ ကံကို ထိုင်စောင့်ပြီးနေလို့ လူ့ဘဝမှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မရဘူး၊ လုံ့လဝီရိယကူရတယ်၊ နတ်ဘုံနတ်ဘဝကြတော့ အဲလိုမဟုတ်ဘူး။ အားလုံးဟာ ကံပေးတဲ့အတိုင်း ထင်ရှား နေတယ်၊ ကံကုန်ရင်တော့ ဘာမှရှိမှာမဟုတ်ဘူး၊ ဒီလို ဆိုလိုတာနော်။

အဲဒီအာဠဝကဘီလူးကြီးရဲ့ ညောင်ပင်အောက်က ဗိမာန်ကြီးကို တောထဲသွားလာနေတဲ့ ပုဂ္ဂိုလ်တွေ အဲဒီ ညောင်ပင်ကြီးအောက် ဝင်နားနေကြပေမဲ့ မြင်ရတာ မဟုတ်ဘူး၊ သို့သော် ဗိမာန်ကြီးက ရှိတယ်။

မြတ်စွာဘုရားက တစ်ရက်တော့ အဲဒီ ဗိမာန်ကြီး ထဲမှာသွားပြီး သီတင်းသုံးတယ်၊ အာဠဝက ဘီလူးကြီးက အစည်းအဝေးသွားနေတယ်၊ သူလည်း ပြန်ရောက်ရော ဘုရားကိုမြင်တော့ အလွန်စိတ်ဆိုးတယ်၊ သူက ဘုရားကို မကြည်ညိုဘူးလေ၊ သူတို့စရိုက်နဲ့ ဘုရားဟောတဲ့ တရား က မကိုက်ဘူး၊ မကိုက်သည့်အတွက်ကြောင့် စိတ်တအား ဆိုးတယ်၊ စိတ်ဆိုးပြီး မြတ်စွာဘုရားကို ဒုက္ခအမျိုးမျိုး ပေးတယ်ပေါ့။

မြတ်စွာဘုရားကို သူ့ဗိမာန်ထဲက ထွက်ခွာ

အောင် သူ အစွမ်းကုန်လုပ်တယ် မရဘူး၊ နောက်ဆုံး ကျတော့ သူ ဘာလုပ်တုန်းဆိုရင် "အရှင် ဂေါတမ၊ သူများခွင့်မပြုတဲ့ အဆောက်အအုံထဲ ဘာဖြစ်လို့ ဝင် သလဲ၊ အခုပဲ ထွက်သွားလိုက်ပါ"လို့ဆိုတယ်၊ အဲတော့ မြတ်စွာဘုရားက "မင်း ထွက်စေချင် ထွက်တာပေါ့" ဆိုပြီး ချက်ချင်းထပြီး ထွက်သွားလိုက်တယ်တဲ့၊ သူက အဲဒီတော့ စဉ်းစားတယ် "အော် ဒီလိုတော့ လွယ်သားပဲ၊ ငါ တစ်ညလုံး မောင်းထုတ်တာ မရဘူးပေါ့၊ ခုထွက်သွား လိုက်ပါဆိုတော့ လွယ်လွယ်ကူကူနဲ့ ထွက်သွားသားပဲ၊ တကယ်ပဲ သူ ငါပြောတာ လိုက်နာတာဟုတ်မဟုတ် စမ်းကြည့်ဦးမယ်" ဆိုပြီး "ကိုယ်တော် ပြန်ဝင်ခဲ့ဦး" ဆိုတော့ "အေး–မင်း ဝင်စေချင်ရင်လည်း ဝင်တာပေါ့" လို့ ဆိုပြီး ပြန်ဝင်လာခဲ့တယ်၊ အဲဒီလိုနဲ့ ထွက်လိုက်ဦးဆို ထွက်လိုက်၊ ဝင်လိုက်ဦးဆို ဝင်လိုက်၊ (၃)ခါ လောက်ရှိ အောင် သူက ခိုင်းတယ်။

ဒါဖြင့် ဒီဘီလူးခိုင်းတာ ဘာဖြစ်လို့ ဘုရားက လိုက်ပြီး လုပ်နေတာတုန်းဆိုတော့၊ သူ့ရဲ့စိတ်ဓာတ်ကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားက ကုစားနေတာ၊ အလကားလုပ်တာ မဟုတ်ဘူး၊ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်တာ၊ စိတ်ဆိုးနေတဲ့လူတစ်ယောက်ကို ပိုစိတ်ဆိုးအောင်လုပ်ရင်ပိုပြီး စိတ်မဆိုးပေဘူးလား၊ အေး သူ ကျေနပ်အောင်လုပ်ပြလိုက်တဲ့အခါမှာ သူက ကျေနပ်သွားတယ်။

ကြည့်လေ ကလေးလေးတွေက တစ်ခုခုနဲ့ ခိုက်မိသွားလို့ ချော့တဲ့အခါမှာ လူကြီးတွေက လုပ်တယ် မဟုတ်လား၊ ဥပမာ– ကုလားထိုင်နဲ့ တိုက်မိလို့ ကလေးလေးက နာသွားလို့ငိုတယ်ဆိုရင် လူကြီးက ကုလားထိုင်ကို "ကဲ တိုက်ဦးဟယ်၊ တိုက်ဦးဟယ်"လို့ ရိုက်လိုက်တဲ့အခါ ကလေးလေးက ကျေနပ်သွားတယ် မဟုတ်လား၊ ကလေးမှာ တကယ်နာတာပျောက်ပါ့မလား၊ မပျောက်ဘူး၊ ဘာလုပ်တာတုန်း စိတ်ကိုကုစားတာ။

အခုလည်း အာဠဝကဘီလူးကြီးရဲ့ ကြမ်းတမ်းခက်ထန်နေတဲ့ စိတ်လေး ပျော့ပြောင်းသွားအောင်လို့ ဘုရားက သူခိုင်းတာတွေ လုပ်လိုက်တယ်၊ နောက်ဆုံး တတိယအကြိမ် ခိုင်းပြီးတော့ စတုတ္ထအကြိမ် ရောက်

တဲ့အခါကျ ဘီလူးကြီးက အင်း–ဒီတစ်ခါထွက်ရင် ငါ ခြေထောက်နှစ်ချောင်း ကိုင်ပြီးတော့ ပစ်လိုက်မယ်၊ သူ့စိတ်ထဲမှာ အဲလို စိတ်ကူးမိတယ်၊ အဲဒီလို စိတ်ကူး ပြီးတော့ 'ကိုယ်တော် ဗိမာန်ထဲက ထွက်သွားပါ' ဆိုတော့ မြတ်စွာဘုရားက 'ငါ မထွက်နိုင်ဘူး၊ မင်း လုပ်ချင်တာ လုပ်' တဲ့၊ ဘာဖြစ်လို့ ဒီလိုပြောတုန်းဆိုလို့ ရှိရင်၊ မြတ်စွာ ဘုရားက သိတယ်၊ ဒီကောင် မကောင်းတဲ့အကြံ ကြံထား တာ လိုက်လုပ်လို့ မဖြစ်တော့ဘူး။

ဒီအချိန်မှာ အာဠဝကစိတ်ထဲမှာ ဘာပေါ်လာ တုန်းဆိုတော့ – ဒီရဟန်းဂေါတမ သိပ်တန်ခိုးကြီးတယ် စိတ်သဘောထားကြတော့လည်း နူးညံ့သားပဲ၊ ငါ့စိတ် အကြံတွေလည်း သူအကုန်သိတယ်၊ ဒီတစ်ခါထွက်ရင် တော့ ငါက ခြေထောက်နှစ်ချောင်းကိုင်ပြီး ပစ်မယ်လို့ စိတ်ကူးနေတယ်၊ သူ အဲဒါလည်းသိတယ်၊ အဲတော့ ဒီလို ပုဂ္ဂိုလ် ငါ့ဆီရောက်လာတာ အလဟဿတော့ မဖြစ် သင့်ဘူး၊ ဓမ္မနဲ့ပတ်သက်တဲ့မေးခွန်းတွေ, ဘဝနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ မေးဦးမယ်၊ သူသိချင်နေတာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်းရှိတယ်၊ မေးခွန်းပေါင်းက (၁၃)ခု ဖြစ်တယ်။

ဒီမေးခွန်းတွေ ဘယ်ကနေရတုန်းဆိုတော့၊ သူ့မိဘတွေအဆက်ဆက်က မေးခွန်းနဲ့အဖြေ သူ့ကိုသင်ပေးတာ၊ အဲဒီမေးခွန်းနဲ့အဖြေက သူတို့ tradition လို့ပြောပါတယ်၊ ဘိုးဘွားမိဘလက်ထက်ကတည်းက ဒီမေးခွန်းနဲ့ အဖြေကိုမှတ်ထားတာ၊ သူ့လက်ထက်ရောက်တဲ့အခါကျတော့ အမေးတွေပဲ ကျန်ပြီးတော့ အဖြေတွေ ပျောက်နေတယ်၊ ဒီအဖြေတွေ သိချင်တယ်၊ အထိန်းအသိမ်း မတတ်ရင် ဒီလိုပဲ ပျောက်တယ် မဟုတ်လား၊ ငယ်ငယ်တုန်းက အမေအဖေတွေက သင်ထားတဲ့ စာတွေ ကြီးတော့ တချို့က ပျောက်သွားတတ်တယ်၊ အာဠဝက ဘီလူးကြီးကလည်း ဒီအတိုင်းပဲ၊ အမေအဖေတွေက ဘဝ အရေးနဲ့ပတ်သက်တဲ့ မေးခွန်းနဲ့အဖြေတွေကို သင်ပေးထားတာ၊ သင်ပေးထားတာတွေ ပျောက်သွားတဲ့အခါကျတော့ သူ့ခေါင်းထဲမှာ အမေးလေးတွေပဲ ကျန်တော့တယ် အဖြေတွေ မရှိတော့ဘူး။

ဒါဖြင့် ဒီမေးခွန်းနဲ့အဖြေတွေက ဘယ်ကရတာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တုန်းဆိုတော့ ဂေါတမမြတ်စွာဘုရားအရင်ပွင့်သွားတဲ့ ကဿပမြတ်စွာဘုရား ဟောခဲ့တာ၊ ကဿပ မြတ်စွာ ဘုရားဟောခဲ့တဲ့ မေးခွန်းနဲ့အဖြေလေးတွေကို သူ့ဘိုးဘွား မိဘက အစဉ်အဆက်မှတ်သားလာခဲ့ပြီးတော့ သူ့ထိအောင် ရောက်လာတာ၊ ဒါပေမဲ့ သူ့လက်ထက်ကြတော့ အဖြေ တွေ ပျောက်သွားတယ်၊ အဖြေတွေ မေ့ကုန်တယ်၊ အဲဒီ တော့ သူ့စိတ်ထဲမှာ သိချင်တယ်၊ သိပ်သိချင်လို့ သူ့ ဗိမာန်ပေါ်က ကျော်ဖြတ်သွားတဲ့ ရဟန်းရ ရသေ့တွေကို သူ့တန်ခိုးနဲ့ သူ့ဗိမာန်ပေါ် ဆင်းလာအောင်လုပ်ပြီး မေးခွန်း တွေ မေးတာပဲ၊ မဖြေနိုင်ဘူးဆိုရင် နှိပ်စက်ပြီး လွှတ်လိုက် တယ်၊ ဒါ သူလုပ်နေကြ၊ သူလိုချင်တဲ့ မေးခွန်းရဲ့အဖြေကို မရဘူးဆိုရင် သူစိတ်ဆိုးတယ်၊ မဖြေနိုင်ကောင်းလား ဆိုပြီး အဲဒီရသေ့တွေကို နှိပ်စက်ပြီး လွှတ်လေ့ရှိတယ်။

အခု မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါလည်း ဒီ မေးခွန်းတွေမေးဖို့ သူစိတ်ကူးရတယ်၊ အဲဒီမေးခွန်းတွေ က ဘဝအရေးနဲ့ပတ်သက်တဲ့ မေးခွန်းတွေချည်းပဲ၊ အင်မ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တန်ကြမ်းတမ်းတဲ့ ဘီလူးကြီးတစ်ယောက်က မေးတဲ့ မေးခွန်းတွေဟာ ဘဝနှင့်ပတ်သက်ပြီး ဘယ်လောက် တန်ဖိုးရှိသလဲဆိုတာ စဉ်းစားကြည့်၊ ဒီမေးခွန်းနဲ့ အဖြေတွေဟာ လောကလူသားတွေရဲ့အမြင်နဲ့ ကိုက်ချင်မှကိုက်မယ်၊ သို့သော် တကယ်တန်ဖိုးရှိတဲ့ အဖြေတွေတဲ့။

သူ မေးခွန်းမေးချင်တယ်လို့ မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရားက "အေး မေးချင်တယ်ဆို မေးပါ၊ ဘယ်ခါမဆို မေးနိုင်တယ်"လို့ ခွင့်ပြုလိုက်တဲ့အခါ သူမေးခွန်း(၁)ကို စ, မေးတယ်။

## အကောင်းဆုံးဥစ္စာ?

နံပါတ်(၁)မေးခွန်းက လောကမှာ အကောင်းဆုံးဥစ္စာက ဘာလဲ? ဒီမေးခွန်းကိုမေးတယ်။
လောကမှာ အကောင်းဆုံးဥစ္စာ ဘာလဲလို့မေးရင် လူတွေက ဘာပြောကြမလဲဆိုရင် – စိန်ရွှေရတနာတွေရဲ့ တန်ဖိုးသိတဲ့လူဆိုရင် လောကမှာ စိန်က အကောင်းဆုံးလို့၊ ရွှေက အကောင်းဆုံးလို့ မပြောကြဘူးလား၊ ပတ္တမြားက

အကောင်းဆုံးလို့၊ ဒီလိုပဲ ပြောကြမှာပဲ၊ လောကမှာ အကောင်းဆုံးပစ္စည်းဥစ္စာဆိုတာ ဘာလဲတဲ့၊ ဒီမေးခွန်း လူတွေကိုမေးလိုက်မယ်ဆိုရင် အဖြေအမျိုးမျိုးထွက်မှာ၊ တိုက်လိုချင်တဲ့လူက တိုက်ပေါ့၊ ရွှေလိုချင်တဲ့လူက ရွှေလို့ ပြောမှာပဲ၊ ကားလိုချင်တဲ့လူက ကားလို့ ပြောမှာပဲ၊ ဟုတ်ရဲ့လား၊ အဖြေတွေအမျိုးမျိုး မထွက်နိုင်ဘူးလား၊ ထွက်နိုင်တယ်။

အကောင်းဆုံး ပစ္စည်းဥစ္စာက ဘာလဲဆိုတဲ့ မေးခွန်းကို မြတ်စွာဘုရားဖြေလိုက်တာက လောကလူတွေ မတွေးမိတဲ့ အဖြေမျိုးပဲ။

မြတ်စွာဘုရားက "သဒ္ဓါတရားဟာ အကောင်းဆုံး ဥစ္စာ"တဲ့၊ ကဲကြည့် ဒီအဖြေရဲ့ လေးနက်မှုက ဘယ်လောက်ထိအောင် သွားလဲဆိုရင်။

ဆိုပါစို့၊ စိန်ရဲ့တန်ဖိုးကို ကြည့်ရအောင်၊ စိန်ဟာ တန်ဖိုး ရှိတယ်၊ မှန်တယ်နော်၊ အင်မတန်တန်ဖိုးရှိတယ်၊ ရွှေဟာလည်း အင်မတန်တန်ဖိုးရှိတယ်၊ အားလုံး သိကြတဲ့အတိုင်း ပတ္တမြားတွေလည်း အင်မတန်မှ တန်ဖိုး

ရှိတယ်၊ အခြားပစ္စည်းဥစ္စာတွေလည်း တန်ဖိုးရှိတယ်၊ သို့သော်လည်း အဲဒီ တန်ဖိုးရှိတဲ့ ရတနာပစ္စည်းတွေဟာ ရန်သူမျိုး (၅)ပါးနှင့်ပျက်နိုင်သလား? မပျက်နိုင်ဘူးလား?

ဆိုပါစို့-စိန်ရှိတဲ့ပုဂ္ဂိုလ်လည်းပဲ စိန်လိုချင်တဲ့ပုဂ္ဂိုလ်နဲ့တွေ့ပြီး၊ ကိုယ့်ဆီက လုယက်ပြီး ယူမသွားဘူးလား၊ နောက်ဆုံး ကိုယ်ကနေပြီးတော့ ဘဝတစ်ခုပြောင်းသွားရင် ကိုယ်ပိုင်တဲ့စိန် မထားခဲ့ရဘူးလား၊ ထားခဲ့ရတယ်၊ ဒီပစ္စည်းတွေရဲ့ တန်ဖိုးဟာ အချိန်ကာလပိုင်းနဲ့ပဲ ကြည့်မယ်ဆို အလွန်တိုတောင်းတယ်, အလွန်လည်းအန္တရာယ်များတယ်၊ သူတောင်းစားကို ဓါးပြတိုက်ခံရတယ်လို့ မကြားဘူးပေါင်နော်၊ ပိုက်ဆံရှိတဲ့လူမှ ဓါးပြတိုက်ခံရတာ မဟုတ်လား၊ ပိုက်ဆံရှိလာပြီဆိုရင် အန္တရာယ်ကို ဖိတ်ခေါ်နေတာပဲ၊ ပစ္စည်းဥစ္စာ ချမ်းသာပြီး မကြောက်ရဘူးလား၊ ကြောက်ရတယ်၊ ပစ္စည်းဥစ္စာရှိတဲ့ပုဂ္ဂိုလ်ဟာ ထိုပစ္စည်းဥစ္စာအတွက် အင်မတန်မှ ထိတ်လန့်ကြောက်ရွံ့ပြီး နေကြရတယ်၊ ဒါ လက်တွေ့ပဲ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မရှိတောင့်တ ရှိကြောင့်ကြ တဲ့၊ ပစ္စည်းဥစ္စာတွေကို မရှိတဲ့လူက တောင့်တတယ်၊ ရှိတဲ့လူက ကြောင့်ကြတယ်၊ ကြောင့်ကြတယ်ဆိုတာ ပူပန်နေရတာကို ပြောတာ၊ မီးခံသေတ္တာကြီးကို သော့လေးတခတ်ခတ်နဲ့ ဟိုအပ်ရလည်း စိတ်မချ၊ ဒီအပ်ရလည်း စိတ်မချနဲ့၊ ဒီလိုဖြစ်မနေဘူးလား၊ အဲတော့ ဒီပစ္စည်းဥစ္စာက လူကို အကျိုးပြုနေတာလား၊ လူကို နှိပ်စက်နေတာလား၊ တကယ်က နှိပ်စက်နေတာနော်၊ အဲဒီတော့ နှိပ်စက်နေတဲ့ အရာဝတ္ထုတစ်ခုကို အကောင်းဆုံးပစ္စည်းလို့ နာမည်တပ်လို့ ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ ဒါကြောင့်မို့ အကောင်းဆုံးပစ္စည်းလို့ မခေါ်နိုင်ဘူး။

ပစ္စည်းဥစ္စာသည် လူကို နှိပ်စက်တတ်တယ်၊ ဖျက်ဆီးတတ်တယ်ဆိုတာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတာ ရှိတယ်–

ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊
နော စ ပါရဂဝေသိနော။

ပစ္စည်းဥစ္စာကို အကြောင်းပြုပြီး ဒီဘဝမှာ အလုအယက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတိုက်အခိုက် သတ်ဖြတ်ခံရတဲ့လူတွေ ရှိတယ်၊ ဒီဘဝ တင်မကဘူး ပစ္စည်းဥစ္စာကြောင့် နောင်ဘဝမှာ ပြိတ္တာဘဝ ရောက်သွားတဲ့လူတွေ ရှိတယ်၊ ငရဲကျသွားတဲ့ လူတွေရှိ တယ်၊ ပစ္စည်းဥစ္စာက လူကို ဒုက္ခပေးသွားတာ။

လောကလူတွေကတော့ ထင်တယ်၊ အေး– ရွှေတွေငွေတွေ ချမ်းသာလို့ရှိရင် ဒီပစ္စည်းဥစ္စာတွေဟာ ငါ့အတွက် ချမ်းသာသုခ ပေးလိမ့်မယ်လို့၊ ဒီလိုမထင် ကြဘူးလား၊ သို့သော်ချမ်းသာချည်း ပေးတာဟုတ်ရဲ့လား၊ ဆင်းရဲဒုက္ခကိုပေးတာက ပိုပြီးများတယ်နော်၊ ချမ်းသာကို ပေးတာက နည်းနည်းလေးရယ်၊ စိန်လေးရှိလို့ စိန်လေး ဝတ်ပြီး စိန်နားကပ်လေးပန်ပြီး ခေါင်းလေးယမ်းလိုက်လို့ ဝင်းကနဲ ဝင်းကနဲ ဆိုတာလေးက လူအထင်ကြီးတယ်၊ ဒီအရသာလေး တစ်ခုပဲ ခံလို့ရမယ်၊ ကြောက်နေရတာက ပိုတယ်၊ ဟုတ်ရဲ့လား၊ အဲဒါကြောင့်မို့ ပစ္စည်းဥစ္စာက ပေးတဲ့ ချမ်းသာသုခဆိုတာ အင်မတန်နည်းပြီး အင်မတန် တိုတောင်းတယ်တဲ့၊ ဒါကြောင့်မို့ အမြတ်ဆုံးဥစ္စာလို့ ခေါ်နိုင်ပါ့မလား၊ မခေါ်နိုင်ဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားရဲ့အဖြေဟာ လောကလူသား တွေရဲ့အဖြေနဲ့ မတူဘူး၊ မြတ်စွာဘုရားက“**သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ**”တဲ့၊ လောကမှာ လူတွေအဖို့ အကောင်း ဆုံးဥစ္စာဆိုတာ **သဒ္ဓါ**ကို ပြောတာတဲ့။

## သဒ္ဓါသည် အကောင်းဆုံးဥစ္စာ

ဒါဖြင့်ကောင်းပြီ၊ **သဒ္ဓါ**ကို အကောင်းဆုံးဥစ္စာ လို့ ဘာဖြစ်လို့ပြောလဲ၊ လောကလူတွေဟာ **သဒ္ဓါ**တရား မရှိရင် **ဒါနကောင်းမှု** လုပ်ပါ့မလား၊ **သီလ**ရော ဆောက်တည်ပါ့မလား၊ **ကမ္မဋ္ဌာန်းဘာဝနာ**ရော အား ထုတ်ပါ့မလား၊ မထုတ်ဘူး၊ **သဒ္ဓါ**လို့ဆိုတဲ့ စိတ်ဝင်စား မှုလေး ယုံကြည်မှုလေးပေါ်မှာ အခြေခံပြီး လူတွေဟာ **ဒါနကောင်းမှု**လုပ်တယ်၊ **ဒါနကောင်းမှု**လုပ်တဲ့ပုဂ္ဂိုလ်တွေ ဘဝသံသရာမှာ ချမ်းသာသုခ ရကြတာချည်းပဲ။

လောကမှာ သူဌေးကြီးဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေ ဟာ ကြည့် – ကိုယ့်ဘဝ ကိုယ့်လက်ထက် ကိုယ်ကြိုးစား လို့ စည်းစိမ်ဥစ္စာ ရလာတာမရှိ မဟုတ်ဘူး၊ ရှိတယ်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါလည်း ကံပေးမှ ခိုင်မြဲတယ်၊ ဘဝမှာ အလွန်ချမ်းသာတဲ့မိသားစုအိမ်ကို ရောက်လာဖို့ဆိုတာ ဘယ်သူကပို့တာလဲ၊ ကံက ပို့တာ၊ **သဒ္ဓါတရား** ရှိခဲ့သည့်အတွက်ကြောင့် **သဒ္ဓါတရားက** ပို့လိုက်တာလို့ ပြောလို့ရတယ်၊ ချမ်းသာတဲ့ မိသားစုအိမ်မှာ လူလာဖြစ်ဖို့ရန်အတွက် **သဒ္ဓါ**ရှိခဲ့လို့ ကုသိုလ်ကောင်းမှု လုပ်ခဲ့သည့်အတွက်ကြောင့် **သဒ္ဓါတရားက** ပို့လိုက်တာ၊ သူ့မှာ ပိုင်ဆိုင်တာဘာတုန်းဆိုရင် **သဒ္ဓါ**ဆိုတဲ့ ဥစ္စာပိုင်ဆိုင်တယ်။

**သဒ္ဓါ**ဆိုတဲ့ဥစ္စာ ပိုင်ဆိုင်လို့ရှိရင် ဇောတိကလို သူဌေးကြီးမျိုးလည်းဖြစ်တာပဲ၊ ဇောတိက ဘာကြောင့်သူဌေးဖြစ်တုန်း? **သဒ္ဓါ**ရှိခဲ့လို့၊ ဟိုတုန်းက ဇဋိလသူဌေးလည်း ဘာကြောင့်သူဌေး ဖြစ်တုန်း? **သဒ္ဓါ** ရှိခဲ့လို့၊ ဟုတ်ရဲ့လား၊ **သဒ္ဓါ**ကို အရင်းတည်ထားပြီးတော့ ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့လို့ ဇောတိက, ဇဋိလ, ပုဏ္ဏတို့ သူဌေးတွေ ဖြစ်လာကြရတာတဲ့၊ ပုဏ္ဏသူဌေးဆိုရင်ကြည့် – လှူတာက နည်းနည်း, ရလိုက်တာက အများကြီး၊ ထွန်ထားတဲ့ မြေကြီးခဲတွေအကုန် ရွှေဖြစ်

သွားတယ်၊ ဘယ်သူကပေးတာတုန်း၊ **သဒ္ဓါ**က ပေးတာ၊ ဒါ့ကြောင့်မို့ **သဒ္ဓါ**ကပေးတဲ့ ပစ္စည်းဥစ္စာဆိုရင် ဖျက်ဆီးလို့မရဘူး၊ အလွန်ခိုင်မာတယ်၊ **သဒ္ဓါ**ရှိနေပြီဆိုရင် ဘဝသံသရာခရီးမှာ အမြဲပြည့်စုံ လုံလောက်နေနိုင်တယ်၊ ဒါကြောင့် **သဒ္ဓါ**ဆိုတဲ့ ဥစ္စာပါဖို့ လိုတယ်၊ ကျန်တဲ့ဥစ္စာ အဓိကမဟုတ်ဘူး၊ **သဒ္ဓါ**ဆိုတဲ့ဥစ္စာကို သူခိုးဓားပြက လုယက်တိုက်ခိုက်လို့ မရဘူးတဲ့။

သံသရာခရီးသွားတဲ့အခါမှာ **သဒ္ဓါ**ဆိုတဲ့ပစ္စည်းဥစ္စာပါသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ လူဖြစ်ရင်လည်း အထက်တန်း၊ နတ်ဖြစ်ရင်လည်း အထက်တန်း၊ ဘယ်နေရာပဲဖြစ်ဖြစ် အထက်တန်းကျကျ စည်းစိမ်ဥစ္စာ ပြည့်ပြည့်ဝဝနဲ့ ဖြစ်ရတယ်၊ ဒါကြောင့်မို့ **သဒ္ဓါ**ဆိုတဲ့ ဥစ္စာရှိရင် ခုနက စိန်ရှိဖို့လည်း မခဲယဉ်းတော့ဘူး၊ ရွှေရှိဖို့လည်း မခဲယဉ်းဘူး၊ တိုက်ရှိဖို့လည်း မခဲယဉ်းဘူး၊ ကားရှိဖို့လည်း မခဲယဉ်းဘူး၊ အဓိကအကြောင်းကို မြတ်စွာဘုရားက ဖြေတာ "**သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ**" သဒ္ဓါဆိုတာ တကယ့်အကောင်းဆုံးပစ္စည်းဥစ္စာ၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လောကမှာ ရသမျှပစ္စည်းဥစ္စာ၊ လူ့သမိုင်းမှာ ချမ်းသာတဲ့ လူမှန်သမျှ **သဒ္ဓါ**တရား အရင်းခံတဲ့ကံက အကျိုးပေးလို့ ရကြတာ၊ ချမ်းသာကြတာချည်းပဲ၊ ကံ မကောင်း အကြောင်းမလှပြီဆိုရင် ဘာလုပ်လုပ် ပျက်စီး တတ်တယ်၊ ကံရှိတဲ့ပုဂ္ဂိုလ်မှ အောင်မြင်တယ်၊ ဖြစ်ထွန်း တယ်၊ လောကမှာ ကြိုးစားကြပေမဲ့ လူတိုင်းရော စီးပွား ဖြစ်ရဲ့လား၊ မဖြစ်ဘူး၊ မဖြစ်တာဘာကြောင့်လဲဆိုရင် ဒီ အခြေခံကွဲလွဲချက်တွေ ရှိနေလို့ပဲ၊ အဲဒီအခြေခံ ကွဲလွဲချက် ကို ရည်ညွှန်းပြီး မြတ်စွာဘုရားက **"သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ–သဒ္ဓါတရားဟာ** အကောင်းဆုံးသော ဥစ္စာတစ်ခုပါ" တဲ့။

အဲဒီတော့ ဘုန်းကြီးတို့ တရားချစ်ခင် သူတော်စင် ပရိသတ်တို့ ဘဝအရေး စိတ်အေးရန်အတွက် ဘာပစ္စည်း စုကြမလဲ၊ **သဒ္ဓါဆိုတဲ့ပစ္စည်းကို** စုရမယ်။

## သဒ္ဓါဟူသည်?

ဒါဖြင့် **သဒ္ဓါ**ဆိုတာ ဘာလဲ၊ ကုသိုလ်ကောင်းမှု

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြုလုပ်ရန် စိတ်ဝင်စားနေတာ–**သဒ္ဓါ**၊ ယုံကြည်တာ သက်သက် မဟုတ်ဘူး၊ ဘုရားတရား သံဃာကို ယုံကြည်တယ်၊ ကောင်းတာလုပ်ရင်ကောင်းတာ ဖြစ်တယ်လို့ ယုံကြည်တယ်၊ အဲဒါလက်ခံပြီးတော့ ကုသိုလ်ကောင်းမှု လုပ်ရန် စိတ်ဝင်စားနေတာကို **သဒ္ဓါ**လို့ ခေါ်တယ်၊ **သဒ္ဓါ** ဆိုတာ စိတ်ဝင်စားတယ်၊ ယုံကြည်တယ်။

**သဒ္ဓါတရား** မိမိစိတ်ထဲမှာ ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ဘာလှူရင် ကောင်းမတုန်းလို့ စိတ်ကလှူဖို့ တမ်းဖို့ ကြံစည်လာတယ်၊ **သီလ**ဆောက်တည်ဖို့၊ **ဥပုသ်** စောင့်ဖို့ စိတ်ကူးလာတယ်၊ **ကမ္မဋ္ဌာန်း**အားထုတ်ဖို့ စိတ်ကူးလာတယ်၊ အဲဒီ စိတ်ကူးလေးဖြစ်လာရင် ကိုယ့်သန္တာန်မှာ **သဒ္ဓါ**ဖြစ်ပြီလို့ မှတ်ပေတော့နော်၊ အဲဒီလို စိတ်ကူးမရသေးရင် **သဒ္ဓါတရား** မရှိဘူးလို့ ပြောရမယ်၊ လှူတာတစ်ခုတည်းတွင် မဟုတ်ဘူးနော်၊ ကုသိုလ်ကောင်းမှုမှာ စိတ်ဝင်စားလာတယ်၊ အခု ကြည့်လေ တရားပွဲသွားပြီး တရားနာဦးမှပဲဆိုတဲ့ စိတ်ကူးလေးဟာ ဘယ်သူ့ကြောင့် ပေါ်လာတာတုန်း၊ **သဒ္ဓါ**ကြောင့် ပေါ်လာတာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်ဟာ (၁) တရားနာချင်တယ်၊ (၂) သူတော်သူမြတ်ကို ဆည်းကပ်ဖူးမြင်ချင်တယ်၊ (၃) လှူချင်တမ်းချင်တယ်၊ ဒါ **သဒ္ဓါရှိတဲ့ပုဂ္ဂိုလ်ရဲ့** အမှတ်အသား လက္ခဏာ ၃–ချက် ပဲ၊ တရားနာချင်တာလည်း **သဒ္ဓါကြောင့်**၊ သူတော်သူမြတ်ကို ဆည်းကပ်ဖူးမြင်ချင်တာလည်း **သဒ္ဓါကြောင့်**၊ လှူချင်တမ်းချင်တာတစ်ခုတည်းကို **သဒ္ဓါလို့** ခေါ်တာမဟုတ်ဘူး။

ဒါကြောင့်မို့ တာဝတိံသာနတ်ပြည်က နတ်တွေဟာ သေခါနီးဖြစ်တဲ့ သူတို့မိတ်ဆွေနတ်ကို မှာလိုက်ကြတယ်၊ မင်း စိတ်ကူးမလွဲနဲ့ သုဂတိဘုံကို ရောက်အောင်သွား, အကောင်းဆုံးသောအရာကို ရအောင်ယူ၊ အဲဒီ အကောင်းဆုံးသောအရာကို လက်လွှတ် ဆုံးရှုံးမခံနဲ့၊ ဒီစကားလေး ၃ ခွန်း မှာလိုက်ကြတယ်။

(၁) 'သုဂတိ ဘုံသွား'ဆိုတာ လူ့ပြည်သွားလို့ ပြောတာ၊ (၂) 'အကောင်းဆုံးသောအရာကို ရအောင်ယူ' ဆိုတာ **သဒ္ဓါတရားကို** ပြောတာ၊ (၃) 'အကောင်းဆုံးသောအရာကို လက်လွှတ်ဆုံးရှုံးမခံနဲ့' ဆိုတာ **သဒ္ဓါ**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**တရား** မပျက်စေနဲ့လို့ ပြောလိုက်တာ။

ဘာဖြစ်လို့တုန်းဆိုရင် သဒ္ဓါတရားရှိရင် နတ်ပြည်ရောက်ဖို့ရာ လုံလောက်သောကြောင့်ဖြစ်တယ်။ ဟော ဒီ **သဒ္ဓါ**တရားရှိရင် ကုသိုလ်ကောင်းမှုအားလုံးဟာ ဘာမှ မခက်တော့ဘူး၊ ဒါကို ပြောတာနော်။

လောကမှာ အောင်မြင်မှု ကြီးပွားမှု စည်းစိမ်ဥစ္စာ တွေရမှုရဲ့ အခြေခံအကျဆုံးအကြောင်းတရားသည် **သဒ္ဓါ** သာ ဖြစ်ပါတယ်တဲ့၊ အဲဒါကြောင့် **သဒ္ဓါ**ကို အကောင်း ဆုံးဥစ္စာလို့ ဟောတာဖြစ်တယ်၊ ကျန်တဲ့ကုသိုလ်တွေက သူ့ကို အကြောင်းပြုပြီး ရလာတာဖြစ်သောကြောင့် သူ့ လောက် အဓိကမကျဘူးတဲ့၊ အာဠဝကကြီး မေးတဲ့ ဒီမေးခွန်းရဲ့ အဖြေဟာ ဘဝအရေးနဲ့ ပတ်သက်တာ။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင် ပရိသတ်တို့–"ကိုယ့်ဘဝအရေးစိတ်အေးရအောင်" အ ကောင်းဆုံးပစ္စည်းဥစ္စာဖြစ်တဲ့ **သဒ္ဓါတရား**ကို ပိုင်ဆိုင် အောင်လုပ်ကြရမှာဖြစ်ပါတယ်၊ **သဒ္ဓါတရား** ကိုယ့် သန္တာန်မှာ မပြည့်စုံသေးရင် ဘဝအရေး စိတ်အေးဖို့ ပြည့်စုံအောင် လုပ်ထားရမယ်၊ ဟုတ်ရဲ့လား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဘာလုပ်ရင် ချမ်းသာမလဲ?

နောက်မေးခွန်းတစ်ခုကို သူကဆက်ပြီးတော့ မေးတယ် "**ကိံသု သုစိတ္တော သုခမာဝဟတိ**– ဘာလုပ်ရင် ချမ်းသာမလဲ"တဲ့၊ လောကလူတွေက ဘာလုပ်ရင် ချမ်းသာမလဲလို့မေးကြတဲ့အခါ၊ မင်း အရောင်းအဝယ် လုပ်ပေါ့၊ ဥယျာဉ်စိုက်ပေါ့ကွာ၊ တစ်ချို့က နှစ်လုံးထီ ထိုးဖို့တောင်ပြောသေးတယ်၊ ချဲထိုးဖို့လည်း ပြောသေးတယ်၊ ခုခေတ်အဖြေတွေက ဒီလိုမဟုတ်ဘူးလား။

လောကလူသားတွေရဲ့အဖြေက အပေါ်ယံလေး ကြည့်ပြီးပြောတာ၊ ဘာလုပ်ရင်ချမ်းသာမတုန်း၊ လက်ဖက်ရည်ဆိုင်ဖွင့်ကွာ၊ ဘာအရောင်းအဝယ်လုပ်ကွာ၊ ချဲထိုးကွာ၊ ဒီလိုပဲ ပြောကြမှာပဲ မဟုတ်လား။

မြတ်စွာဘုရားကတော့ ဘယ်လိုဖြေတုန်း "**ဓမ္မော သုစိတ္တော သုခမာဝဟတိ**–ဓမ္မကိုကျင့်သုံးလို့ ရှိရင် ချမ်းသာမယ်"တဲ့၊ ဟောကြည့် မြတ်စွာဘုရားရဲ့ အဖြေနဲ့ လောကလူသားတွေရဲ့အတွေးနဲ့ကိုက်ရဲ့လား၊ မကိုက်ဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဓမ္မကိုကျင့်သုံးတယ်ဆိုတော့ ဓမ္မဆိုတာ ဘာလဲမေးရင် အားလုံးသိပြီးသားဖြစ်လို့ အကျယ်မပြောဘူး၊ **ကုသလကမ္မပထတရား ၁၀–ပါး** ကို **ဓမ္မ**လို့ခေါ်တယ်။ **ကာယသုစရိုက် ၃–ပါး**၊ **ဝစီသုစရိုက် ၄–ပါး**၊ **မနောသုစရိုက် ၃–ပါး**၊ ပေါင်း ၁၀–ပါး။

**မနောသုစရိုက်**က စပြီးပြောရအောင်၊ သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်ချင်တဲ့ **လောဘမျိုး** မရှိရဘူး၊ ဒါကို **အနဘိဇ္ဈာ**လို့ ခေါ်တယ်၊ **အဘိဇ္ဈာ**ဆိုတာ သူများပစ္စည်းကို မျက်မုန်းကျိုးခြင်းလို့ ရှေးက ဒီလိုပြောတယ်၊ သူများပစ္စည်းကို မျက်မုန်းကျိုးတယ်ဆိုတာ သူများပစ္စည်းကြည့်ပြီး ကိုယ့်ပစ္စည်းဖြစ်ချင်တဲ့ **လောဘ**ပဲ၊ အဲဒီ **အဘိဇ္ဈာ**ကို ရှောင်ရမယ်တဲ့၊ စိတ်ထဲမှာ မဖြစ်အောင် ထိန်းရမယ်။

ပြီးတော့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို ပျက်စီးသွားအောင် ဆုံးရှုံးသွားအောင်၊ ဒီကောင် ပျက်စီးသွားရင် ကောင်းမှာပဲ၊ ဒီကောင် ဒုက္ခရောက်သွားရင် ကောင်းမှာပဲဆိုတဲ့ အတွေးမျိုး မတွေးပါနဲ့၊ ဒီလူကြီးပွား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါစေ၊ ဒီလူ ဆင်းရဲဒုက္ခမှ လွတ်ပါစေဆိုတဲ့ အတွေးမျိုးပဲ တွေးပါတဲ့၊ အဲဒါက **အဗျာပါဒ**။

လောကလူတွေမှာ စိတ်နေသဘောထားချင်း မတူဘူး မဟုတ်လား၊ သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်ချင်တဲ့ စိတ်နေသဘောထားရှိတယ်၊ လူတစ်ယောက် ဒုက္ခရောက်သွားစေချင်တဲ့အတွေး ရှိကြတယ်၊ အဲဒီ **လောဘ**နဲ့ ပတ်သက်တဲ့အတွေးတွေ၊ **ဒေါသ**နဲ့ပတ်သက်တဲ့ အတွေးတွေကို **မနောဒုစရိုက်**လို့ခေါ်တယ်။

နောက်တစ်ခုက ကံ, ကံရဲ့အကျိုးကို လက်မခံဘဲ ငြင်းပယ်ထားတဲ့, မှားယွင်းတဲ့အမြင် **မိစ္ဆာဒိဋ္ဌိ**၊ အဲဒါကမ**နောဒုစရိုက်**၊ အဲဒီ **မနောဒုစရိုက်**က ရှောင်ကြဉ်ပြီး ကံ, ကံရဲ့အကျိုးကို လက်ခံ ယုံကြည်တဲ့ မှန်ကန်တဲ့အမြင် **သမ္မာဒိဋ္ဌိ** ရှိရမယ်တဲ့၊ သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုတယ်ဆိုတဲ့ **လောဘ**နဲ့တွေးတဲ့အတွေး, လူတစ်ယောက် ဒုက္ခရောက်စေချင်တဲ့ **ဒေါသ**နဲ့ တွေးတဲ့အတွေး၊ အဲဒီအတွေးတွေ ကင်းရှင်းပြီးတော့ ကံ, ကံရဲ့ အကျိုးကို ယုံကြည်တဲ့ လက်ခံသိမြင်တဲ့ **သမ္မာဒိဋ္ဌိ**တဲ့ အဲဒါ **ဓမ္မ**ပဲ၊ အဲဒီ**ဓမ္မ**ကို ကျင့်သုံးရင် ချမ်းသာမယ်တဲ့။ ဒါ တစ်ခုနော်။

တစ်ဖန် **ဝစီသုစရိုက်** ၄–ပါးဆိုတာ နှုတ်၏ စည်းကမ်းချက်တွေဖြစ်တယ်၊ လိမ်မပြောဘူး မှန်တာပဲပြောတယ်၊ ဂုံးမတိုက်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ညီညွတ်အောင်ပဲလုပ်တယ်၊ ရိုင်းပျတဲ့စကားကို မပြောဘူး၊ ချိုသာတဲ့စကားကိုပြောတယ်၊ ယဉ်ယဉ်ကျေးကျေး ပြောတယ်၊ အကျိုးမရှိတဲ့, တန်ဖိုးမရှိတဲ့ စကားတွေကို မပြောဘူး၊ အကျိုးရှိပြီး တန်ဖိုးရှိတဲ့စကားကိုသာ ပြောတယ်၊ အဲဒါက **ဝစီသုစရိုက်** ၄–ပါး၊ အဲဒါ **ဓမ္မ**ပဲ၊ **ဝစီဒုစရိုက်** ၄–ပါးက **အဓမ္မ**၊ **ဓမ္မ**နဲ့ **အဓမ္မ**ကို ကွဲဖို့လိုတယ်၊**ဓမ္မ**ကို ကျင့်သုံးပါလို့ ဒီလိုပြောတယ်။

လောကလူတွေဟာ ကိုယ့်နှုတ်ကလေး ကိုယ်မထိန်းဘူး၊ မထိန်းနိုင်တော့၊ အမှန်ပြောရမည့်အစား လိမ်ပြောတယ်၊ တစ်ယောက်နဲ့တစ်ယောက် ညီညွတ်အောင် စေ့စပ်ပေးရမည့်အစား မတည့်အောင်လုပ်တယ်၊ ချိုချိုသာသာ ပြောရမည့်အစား ရိုင်းရိုင်းစိုင်းစိုင်းပြောတယ်၊ ယဉ်ယဉ်ကျေးကျေး မပြောဘူး၊ အကျိုးမဲ့တဲ့ အတင်းအဖျင်းတွေ ပြောတယ်၊ လူတွေဟာ နှုတ်နဲ့ မကောင်းမှု

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**အဓမ္မ**တွေကို လေ့ကျင့်နေကြတယ်၊ အဲဒီလို နှုတ်နဲ့ **အဓမ္မ**တွေ ကျင့်သုံးရင် ချမ်းသာသုခ ဝေးလိမ့်မယ်၊ ဒါကြောင့်မို့ **ဓမ္မ**ကိုကျင့်သုံးပါလို့ ဒီလိုဟောတာ။

နောက် **ကာယသုစရိုက်**နဲ့ **ကာယဒုစရိုက်** ၃-ပါး၊ သူ့အသက်သတ်တာ၊ သူများဥစ္စာခိုးတာ, သူများဥစ္စာ မတရားတဲ့နည်းနဲ့ ရယူတာ၊ ကာမကိစ္စတွေမှာ ဓမ္မနဲ့ ဆန့်ကျင်ပြီး မှားမှားယွင်းယွင်း ကျင့်သုံးတာတွေဟာ **အဓမ္မ**၊ သူများအသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်၊ သူများဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တယ်၊ သူတပါး သားမယား ကျူးလွန်ခြင်းမှ ရှောင်ကြဉ်တယ်၊ ဒါက **ဓမ္မ**။

ပေါင်းလိုက်တဲ့အခါကျတော့ **အဓမ္မ** ဆိုတာက **အကုသလကမ္မပထ**တရား ၁၀ ပါး၊ **ဓမ္မ** ဆိုတာက **ကုသလကမ္မပထ**တရား ၁၀ ပါး၊ လောကမှာ ဒါပဲ အခြေခံအားဖြင့် ကျင့်စရာရှိတယ်၊ ကိုယ်လျှောက်နေတာ **ဓမ္မ**လမ်းကြောင်းပေါ် လျှောက်နေသလား၊ **အဓမ္မ** လမ်းကြောင်းပေါ်လျှောက်နေသလား ကိုယ်လျှောက်နေတဲ့လမ်းကြောင်းကို ကြည့်လိုက်လို့ရှိရင် သိတယ်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားကို အာဠဝကကြီးက မေးတယ်၊ ဘာကိုကျင့်သုံးရင် ချမ်းသာမလဲတဲ့၊ မြတ်စွာဘုရားက **ဓမ္မ**ကို ကျင့်သုံးရင် ချမ်းသာနိုင်မယ်၊ ဒါဘာပြောတာလဲ ဆိုတော့ သူများအသက်သတ်ခြင်းမှ ရှောင်ရမယ်၊ သူများ ဥစ္စာခိုးခြင်းမှ ရှောင်ရမယ်၊ သူတစ်ပါး သားမယား ကျူးလွန်ခြင်းမှ ရှောင်ရမယ်၊ ဒါက ကိုယ်ထိလက်ရောက် ရှောင်စရာ။

နှုတ်နဲ့ ပတ်သက်ပြီး လိမ်ပြောတာရှောင်ရမယ်၊ မှန်တာကိုပဲ ပြောရမယ်၊ ဂုံးတိုက်တာ ရှောင်ရမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ညီညွတ်အောင်ဟောပြော ပေးရမယ်၊ ကြမ်းတမ်းတဲ့စကားပြောတာ ရှောင်ရမယ်၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောရမယ်၊ အကျိုးမဲ့စကားတွေ ပြောတာ ရှောင်ရမယ်၊ အကျိုးရှိတာကိုသာ ပြောရမယ်၊ ဒါက **ဝစီသုစရိုက်**။

သူများပစ္စည်းရလိုမှု **လောဘ**နဲ့ မတွေးနဲ့၊ သူများ ပျက်စီးစေလိုမှု **ဒေါသ**နဲ့ မတွေးနဲ့၊ ကံ, ကံရဲ့ အကျိုးကို ကံဆိုတာရှိတယ်၊ ကံ၏အကျိုးဆိုတာရှိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်လို့ လက်ခံသိမြင်ရမယ်၊ အဲဒီအတိုင်း လိုက်နာကျင့်သုံးရင် အဲဒါဓမ္မ practice ပဲ၊ ဒါကိုပြောတာ "**ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ**– ဓမ္မကို ကျင့်သုံးရင် ချမ်းသာသုခ ရပါတယ်"တဲ့။

သို့သော် လောကလူတွေ ထင်နေတာက **အဓမ္မ** ကိုကျင့်သုံးရင် ချမ်းသာတယ်လို့ ထင်နေကြတာ၊ အထင်အမြင်က အဲဒီလို ဖြစ်နေတယ်၊ ဟုတ်ကဲ့လား၊ ဒါကြောင့်မို့ ကောင်းမယ်ထင်လို့ မကောင်းတာ လုပ်ကြတယ်လေ၊ ဟိုနား လိမ်သွားပြန်ပြီ၊ ဒီနား လိမ်သွားပြန်ပြီ၊ ဒါတွေက ဒုက္ခရောက်ဖို့တွေချည်းပဲ၊ ဟိုနားဖြင့် သတ်သွားပြန်ပြီ၊ ဒါ ဒုက္ခရောက်မဲ့ ကိစ္စချည်းပဲ၊ အဲဒါကြောင့် ချမ်းသာဖို့အတွက် **ဓမ္မကိုကျင့်သုံး၊ ဓမ္မကိုကျင့်သုံးရင်** ကိုယ်လည်းချမ်းသာတယ်၊ ပတ်ဝန်းကျင်လည်း ချမ်းသာတယ်၊ နှစ်ဦးနှစ်ဝ ချမ်းသာတာ၊ ဒါကြောင့် မြတ်စွာဘုရားက ဘာလုပ်ရင်ချမ်းသာမလဲဆိုတဲ့ အမေးမှာ၊ ဒီအဖြေကိုယူလိုက်တာ၊ တရားချစ်ခင် သူတော်စင်ပရိသတ်တို့ **ကုသလကမ္မပထလို့ဆိုတဲ့ ဒီဓမ္မကိုကျင့်သုံးရင် ချမ်းသာ**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်လို့ ဒီလိုမှတ်ရမယ်။

တခြားနည်းနဲ့ **ဓမ္မ**ကို ကြည့်လိုက်မယ်ဆိုရင် **ဒါန**၊ **သီလ**၊ **ဘာဝနာ**သည် **ဓမ္မ**၊ **ဒါန**ကို ပြုရင် **ဒါန** ကုသိုလ်၊ **သီလ**ကို ဆောက်တည်ရင် **သီလ**ကုသိုလ်၊ **သမထ**ကျင့်စဉ်၊ **ဝိပဿနာ**ကျင့်စဉ်ကို ကျင့်ရင် **ဘာဝနာ**ကုသိုလ်၊ အဲဒီ **ကုသလဓမ္မ**တွေ ကျင့်သုံးရင် မချမ်းသာဘူးလား၊ ချမ်းသာတယ်၊ ချမ်းသာခြင်း၏ အကြောင်းပဲ၊ ဒါကိုဖြေတာ ကိုယ့်ဘဝအရေးမှာ ကိုယ် လျှောက်နေတဲ့လမ်းကို ဆန်းစစ်ရမယ်နော်၊ ဒီ မေးခွန်း တွေကို မြတ်စွာဘုရားက တစ်ခုစီတစ်ခုစီ ဖြေတာ၊ သူလည်း ကျေနပ်သွားပြီး ဆက်မေးတယ်။

## အကောင်းဆုံးအရသာ?

ဘာမေးလဲဆိုတော့ "**ကိံသု သာဒုတရံ ရသာနံ** အရသာတွေထဲမှာ အကောင်းဆုံးအရသာက ဘာလဲ?"

ကဲ ဒီမေးခွန်းရဲ့အဖြေလေးကို စဉ်းစားကြည့် လိုက်၊ လောကလူတွေကို ဒီအမေး မေးလို့ရှိရင်၊ ဝက်သား ကြိုက်တဲ့လူက ဝက်သားလို့ မပြောပေဘူးလား၊ ဒါကြောင့်

မို့ ဗမာစကားပုံတောင် အဆိုရှိသေးတယ်၊ **အသီးသရက် အသားဝက်**တဲ့၊ သရက်သီးကြိုက်တဲ့လူက သရက်သီး ကောင်းတယ်လို့ ပြောတယ်၊ သရက်သီးဟာ အရသာ အရှိဆုံးလို့ ဒီလိုထင်ကြတယ်၊ လောကလူတွေဟာ အရသာ ရှိတယ်ဆိုတာ ကိုယ်ကြိုက်တာကို အရသာအရှိဆုံးလို့ ထင်ကြတာပဲ၊ ပြောကြတာပဲ၊ အမျိုးမျိုးဖြေတယ်၊ အဲဒီ ကောင်းတယ်ဆိုတဲ့ အရသာတွေဟာ အကုန်လုံး အကန့် အသတ်နဲ့ချည်းပဲ၊ ကဲ ဝက်သားကြိုက် တဲ့လူတွေကို နေ့ တိုင်း ဝက်သားချည်း ချက်ကျွေးလို့ရှိရင် သူစားနိုင်မလား၊ မစားနိုင်ဘူးလား၊ ကိုယ့်ဘာသာကိုယ်ပဲ စဉ်းစားကြည့်၊ ကောင်းတယ်ဆိုတဲ့ အရသာကို ဒါချည်းပဲ နေ့တိုင်း ကျွေး မယ်၊ ဒီပုဂ္ဂိုလ်က မစားနိုင်တော့ဘူး။

အဲဒီတော့ မြတ်စွာဘုရားရဲ့အဖြေက လောကလူ တွေ မဖြေနိုင်တဲ့အဖြေမျိုး၊ မသိနိုင်တဲ့အဖြေမျိုးကို ဖြေ ထားတယ်၊ မှန်လည်းလုံးဝမှန်တဲ့ အဖြေမျိုး၊ မြတ်စွာ ဘုရားက "**သစ္စံ သာဒုတရံ ရသာနံ**– လောကမှာ အကောင်းဆုံးအရသာဟာ **သစ္စာ**ပဲ" မှန်တာကိုပြောတဲ့ **သစ္စာ**စကား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာဖြစ်လို့ ကောင်းတဲ့အရသာလို့ ပြောတာတုန်း၊ လောကလူတွေဟာ မှန်တဲ့စကားကို ပြောနေလို့ရှိရင် နွယ်မြက်သစ်ပင်တောင် ဆေးဘက်ဝင်တယ်ဆိုတယ် မဟုတ်လား၊ **ဝစီသစ္စာ**နဲ့ ပြောရင် အရာခပ်သိမ်း အောင်မြင်နိုင်တယ်။

**ဝစီသစ္စာ**လိုကောင်းတဲ့အရသာက ဘယ်တော့မှ အီမသွားဘူး၊ ဝက်သားစားရင် အီသွားမယ်၊ အချိုတွေလည်းစားရင် အီသွားမယ်၊ အချဉ်တွေလည်း ကြာရှည် မစားနိုင်ဘူး၊ ဒီပြင်အရသာတွေလည်း အတိုင်းအတာ အကန့်အသတ်နဲ့ချည်းပဲ၊ မှန်တဲ့စကားဟာ အကြိမ်တစ်ရာပြောလည်း အရသာမပျက်ဘူး။

ရလာတဲ့အကျိုးဟာလည်း အင်မတန်ကြီးမားတယ် – လူသားကိုမဆိုထားဘိ၊ ဘုရားအလောင်း ငုံးဖြစ်စဉ်က တောမီးလောင်လာတဲ့အခါ မှန်တာကိုပြောလိုက်တယ်၊ "**သန္တိ ပက္ခာ အပတနာ**– သူ့မှာ အတောင်တော့ ပေါက်ပြီး မပျံနိုင်သေးဘူး"တဲ့၊ "**သန္တိ ပါဒါ အဝဉ္စနာ**–သူ့မှာခြေတောက်တွေတော့ရှိတယ်၊ မသွား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နိုင်ဘူး”တဲ့၊ “**မာတာ ပိတာ စ နိက္ခန္တာ**– အမေ၊ အဖေ တွေကလည်း ထွက်ပြေးကုန်ကြပြီ”တဲ့၊ ဟော သူပြောတဲ့ စကား ၃–ခွန်းစလုံးမှန်တယ်၊ အဲဒီ မှန်တဲ့စကားကြောင့် တောမီးကြီး သူ့ကို ရှောင်သွားပါစေလို့ **သစ္စာ**ဆိုတာ၊ မီးကသူ့ဆီ လုံးဝရောက်မလာနိုင်ဘူး၊ ဒါ မှန်တဲ့စကား၏ အရသာရှိပုံပဲ၊ မှန်တဲ့စကားဟာ ဘေးရန်အန္တရာယ်များ ကိုလည်း ကာကွယ်နိုင်တယ်။

သို့သော် လောကလူတွေဟာ မှန်တဲ့စကားကို အရသာခံပြီး ပြောနိုင်လားဆိုတော့ မပြောနိုင်ဘူး၊ မပြော နိုင်လို့ မှန်တာကိုပြောရရင် လက်ာမချောဘူးတဲ့၊ ဒါ ကြောင့်မို့ ‘မှသားမပါလက်ာမချော’တဲ့၊ မှန်တာပြောရရင် စကားက တယ်မချောလို့၊ တယ်ပြီးတော့ အဆင်မပြေလို့၊ နည်းနည်းလေးတော့ အလိမ်အကောက်ကလေး ထည့် လိုက်ချင်တာ လက်ာချောအောင် လိမ်တာလေးတော့ ထည့်ချင်သေးသပေါ့၊ အဲလောက်ထိအောင် မှန်တဲ့စကား နဲ့ ဝေးကွာနေတယ်။

မြတ်စွာဘုရားက လောကမှာအရသာတွေထဲမှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကောင်းဆုံးအရသာဆိုတာ **ဝစီသစ္စာ**ကို ပြောတာပါ တဲ့၊ အမှန်ပြောတာဟာ အရသာအရှိဆုံးပဲ၊ ဘယ်တော့ မှလည်း အမှန်ပြောရသည့်အတွက် အီ–မသွားဘူး၊ လိမ် တတ်တဲ့ပုဂ္ဂိုလ်တွေကတော့ အမှန်ပြောချင်မှ မဟုတ်ဘူး နော်။

ဒါဖြင့် တို့တတွေဟာ ဘဝအရေးမှာ အကောင်း ဆုံးသောအရသာကို စားဖို့လိုအပ်နေတယ်၊ ဘယ်လို တုန်းဆို မှန်ကန်တဲ့စကားကိုပြောပြီး သစ္စာဆိုမယ်ဆိုရင် ကိုယ်လိုချင်တာတွေလုပ်လို့ ရပါတယ် စမ်းကြည့်ပေါ့၊ မဟုတ်တာတော့ မပါစေနဲ့၊ လက်ာချောအောင်တော့ သွားမထည့်နဲ့နော်။

ဆိုပါစို့–ဘုရားရှိခိုးရမှာ ပျင်းတဲ့လူက သစ္စာဆို လို့ရတယ်၊ 'ကျွန်ုပ်သည် နေ့စဉ်နှင့်အမျှ ဘုရားရှိခိုးရမှာ အလွန်ပျင်းပါတယ် ဘယ်တော့မှလည်း ရှိမခိုးပါဘူး၊ ဤမှန်သောစကားကိုဆိုရသောကြောင့်' ဆိုပြီး သစ္စာဆို ရလို့တယ်၊ တစ်ခုခုလိုချင်တာကိုပြော၊ စွမ်းအားသတ္တိပြည့် လာတဲ့နေ့မှာ အောင်မြင်လာမှာပဲ၊ တစ်ခုခု မဟုတ်တာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လုပ်တာကလည်း မဟုတ်တာလုပ်တာကို **သစ္စာ**ဆိုလို့ရတယ်၊ **သစ္စာ**ဆိုတာ မှန်တာကို ပြောတာ၊ ဒါကြောင့်မို့ **သစ္စာ**ဆိုတဲ့ စကားတစ်ခုဟာ အင်မတန်မှ အရသာရှိတဲ့ အရာတစ်ခုဖြစ်တယ်လို့ မြတ်စွာဘုရားက ဒီမှာဖြေတယ်။

## အကောင်းဆုံးသော အသက်ရှင်နည်း?

နောက်မေးခွန်းတစ်ခုက "အရှင်ဘုရား.... လောကလူတွေဟာ ဘဝမှာ နည်းအမျိုးမျိုးနဲ့ အသက်ရှင်နေကြတယ်၊ ဘာနဲ့ အသက်ရှင်ရင် အကောင်းဆုံးဖြစ်မလဲ?"

ဘာနဲ့အသက်ရှင်ရမလဲ၊ လူတွေကတော့ အဖြေအမျိုးမျိုး ထုတ်ကြမှာပေါ့၊ ထမင်းစားပြီး အသက်ရှင်တဲ့လူရှိတယ်၊ အလုပ်အကိုင်အမျိုးမျိုးနဲ့ အသက်ရှင်တဲ့လူရှိတယ်၊ ဝန်ထမ်းအလုပ်မျိုးစုံနဲ့ အသက်ရှင်ကြတာရှိတယ်၊ အဲဒီလို အသက်မွေး အသက်ရှင်ဖို့ လုပ်ငန်းတွေအများကြီးထဲမှာ ဘာနဲ့အသက်ရှင်တာဟာ အကောင်းဆုံးလဲဆိုတာ မြတ်စွာဘုရားကဖြေတယ်။ "**ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ** - အသက်ရှင်ဖို့ အသက်မွေးတဲ့အထဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာ **အသိပညာ**နဲ့ အသက်ရှင်တာ အသက်မွေးတာ အကောင်းဆုံးပဲ"။

လောကမှာ အကောင်းအဆိုး အကြောင်းအကျိုးမှ မသိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အသက်ရှင်နေမှုက တန်ဖိုးမရှိပါဘူးတဲ့၊ အရာရာ အကောင်းနဲ့အဆိုး အကြောင်းနဲ့ အကျိုး ခွဲခြားသိပြီးတော့ ထိုအသိပညာနဲ့ အသက်ရှင်တဲ့လူကမှ တကယ်အကောင်းမြတ်ဆုံး အသက်ရှင်ခြင်းပဲ။

ဆိုလိုတာက လူ့ဘဝရလာလို့ လူဖြစ်လာရင် **ပညာ**ရှိပါစေ၊ **ပညာ**ဆိုတာ – အခုခေတ်ပြောတဲ့သင်ထားတဲ့ အတတ်ပညာတွေကိုချည်းပြောတာ မဟုတ်ဘူးနော်၊ အကောင်းနဲ့အဆိုး အကြောင်းနဲ့အကျိုးကို ခွဲခြားသိတတ်တဲ့ အသိဉာဏ်ကို ပြောတာ၊ အဲဒီ အသိဉာဏ်ကိုရဖို့ဆိုရင် **ပညာ**သင်ရတယ်ပေါ့၊ သိထားတဲ့**ပညာ**ပေါ်မှာ ထပ်ဆင့်ပြီးစဉ်းစားတတ်တဲ့ အသိဉာဏ်မျိုးဟာ အင်မတန်မှ အရေးကြီးတယ်။

ဒီထက် အဆင့်မြင့်လာလို့ရှိရင်လည်း ... ကြည့်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောထားတယ် လေ–**သင်္ခါရတရားတွေရဲ့** သဘာဝကို မသိဘဲနဲ့ အနှစ် တစ်ရာ အသက်ရှည်ရတာထက် **သင်္ခါရတရားတွေကို** သိတဲ့အသိဉာဏ်နဲ့ တစ်နေ့တာ အသက်ရှင်ရတာက ပို ကောင်းတယ်တဲ့၊ အနှစ်တစ်ရာ အသက်ရှင်နေပေမဲ့လို့ အသိဉာဏ်ဖြင့် အသက်ရှင်ရသည့် တစ်နေ့တာလောက် တန်ဖိုးမရှိဘူးလို့ ဒီလိုဟောတာ။

အဲဒါကြောင့်မို့ **အသိပညာဆိုတဲ့**နေရာမှာ လော ကီပညာပဲ ဖြစ်စေ၊ လောကုတ္တရာပညာပဲ ဖြစ်စေ၊ အကောင်းအဆိုး အကြောင်းအကျိုးကိုသိပြီးတော့ ကိုယ့် ဘဝလမ်းကြောင်းကို လျှောက်လှမ်းဖို့ကို ကိုယ့်ကိုယ်ကို ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ အသိဉာဏ်အနည်းဆုံးရှိဖို့ လိုအပ် တယ်တဲ့၊ ဒီထက်အဆင့်မြင့်လာလို့ရှိရင် ဝိပဿနာပညာ တို့ မဂ်ပညာတို့ ဒါတွေရှိရမှာပေါ့၊ အဲဒီအဆင့်မြင့်တဲ့ ဓမ္မပညာတွေအထိအောင် ရှိရမယ်။

အဲတော့ လောကမှာ ပညာမဲ့တို့၏ အသက် ရှင်မှုသည် လုံးဝတန်ဖိုးမရှိဘူးတဲ့၊ ပညာရှိရှိနဲ့ အသက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှင်ရတာကသာ တန်ဖိုးရှိတယ်၊ ပညာရှိပြီဆိုရင် ဘဝ အရေးလည်း စိတ်မအေးရဘူးလား။

## အခက်အခဲကို ဘာနဲ့ဖြတ်ကျော်ရမလဲ?

နောက်တစ်ခုက လူ့လောက လူရယ်လို့ဖြစ်လာပြီး ဘဝတစ်ခု လျှောက်လှမ်းလာပြီဆိုတဲ့အခါမှာ အခက်အခဲတွေဖြတ်ကျော်ရတာ မရှိဘူးလား၊ အခက်အခဲတွေကို ဖြတ်ကျော်ရမယ်ဆိုရင် ဘာနဲ့ဖြတ်ကျော်မလဲ၊ ဘာရှိဖို့လိုလဲ? အဲဒီ မေးခွန်းလေးကို ဆက်မေးတာ။

ဆိုပါစို့–ကိုယ်သွားမဲ့လမ်းမှာ တောင်ကျရေတွေ တသွင်သွင်စီးနေတယ်၊ အဲဒီတောင်ကျရေတွေကို ဩဃလို့ခေါ်တယ်၊ ဝဲဩဃကြီး၊ အင်မတန်မှ ပြင်းထန်တဲ့ အဟုန်နဲ့ စီးနေတယ်၊ အဲဒါကို ဖြတ်ကူးဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်၊ ဒီလို လောကမှာရှိတဲ့ အခက်အခဲတွေကို ဖြတ်ကျော်ဖို့အတွက် ဘာလိုလဲဆိုရင် မြတ်စွာဘုရားက **"သဒ္ဓါယ တရတိ ဩဃံ"** ယုံကြည်ချက်လိုတယ်တဲ့၊ **သဒ္ဓါ**ကို ဒီနေရာမှာ ထပ်ဟောတယ်၊ ယုံကြည်ချက် မရှိဘူးဆိုရင် ဘဝမှာအခက်အခဲပေါင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြေဩက်မြားစွာကို သူဖြတ်ကျော်နိုင်ပါ့မလား၊ မကျော်နိုင်ဘူး။

ဘဝရဲ့ အခက်အခဲ -**ဩဃ**တွေဟာ ဘယ်လောက် ခက်ခဲလည်းဆိုရင် ကာမဂုဏ်အာရုံထဲမှာ စိတ်ဝင်စားနေတဲ့ **လောဘ**ဆိုတာ အင်မတန်ကြီးမားတဲ့ အရှိန်အဟုန်နဲ့ မိမိသန္တာန်မှာ ဖြစ်နေတာ၊ ဒါကို စွန့်ပယ်တယ်ဆိုတာ ဖြတ်ကျော်တာပဲ၊ သူ့ကိုစွန့်ဖို့ လွယ်လား၊ မလွယ်ဘူး၊ ကာမဂုဏ်အာရုံတွေကို စွန့်ပယ်ပြီး တစ်ဖက်ကမ်းကို ရောက်အောင်သွားဖို့ဆိုတာ သိပ်ခဲယဉ်းတယ်၊ ဒါလည်း **ဩဃ** တစ်ခုပဲ။

ဒီကာမဂုဏ်အာရုံတွေကိုတော့ စွန့်ပယ်နိုင်ပြီး ဈာန်တွေရလို့ **သမထ**ကျင့်စဉ်တွေ အောင်မြင်, **သမထ** ကျင့်စဉ်တွေနဲ့ ပျော်ပြီးနေတယ်၊ အဲဒီ **သမထ**ကျင့်စဉ်တွေနဲ့ ရ,ထားတဲ့ ဘဝတစ်ခုကို ကျော်လွှားဖို့ရန်ကြတော့ အခက်အခဲရှိပြန်တယ်၊ အဲဒါကတော့ ဘာနဲ့ ဖြတ်ကျော်မတုန်း၊ **သဒ္ဓါ**နဲ့ပဲ ဖြတ်ကျော်မယ်၊ ယုံကြည်ချက်ရှိဖို့ လိုတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယုံကြည်ချက်မရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ အခက်အခဲတွေကို ကျော်လွှားဖို့ မဖြစ်နိုင်ဘူး၊ တရားကျင့်တဲ့နေရာမှာပဲဖြစ်စေ၊ လောကအရေးမှာပဲဖြစ်စေ၊ အခက်အခဲတွေကိုကျော်လွှားဖို့ဆိုတာ နံပါတ်တစ်က ဘာအရေးကြီးတာလဲ၊ ယုံကြည်ချက်တဲ့၊ အခက်အခဲတွေကို ယုံကြည်ချက်နဲ့ ကျော်ဖြတ်ရမယ်တဲ့၊ဒါ အာဠဝက မေးတာ၊ ဘဝမှာအခက်အခဲတွေနဲ့ ကြုံလာရင် ဘယ်လိုကျော်ဖြတ်ရမလဲ ယုံကြည်ချက်နဲ့ ကျော်ဖြတ်ရမယ်၊ ယုံကြည်ချက်ရှိလာပြီဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ အခက်အခဲတွေကို ကျော်လွှားနိုင်တယ်။

**ကျယ်ပြောတဲ့ဘဝကြီးကို ဘာနဲ့ဖြတ်ကူးမလဲ ?**

ဘဝကြီးတစ်ခုကို ဖြတ်ကူးနေရတယ်၊ ဘာနဲ့ဖြတ်ကူးကြမလဲ။

မြတ်စွာဘုရားက "**အပ္ပမာဒေန အဏ္ဏဝံ**" ကာမဂုဏ်အာရုံတွေပေါ်မှာ စိတ်လွှတ်မထားဘဲနဲ့ ကုသိုလ်ကောင်းမှုပေါ်မှာ အမြဲတမ်းသတိရနေတဲ့ အပ္ပမာဒဆိုတဲ့ သတိနဲ့ ဖြတ်ကူးရမယ်တဲ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည့်လေ အဲဒီလို မကူးနိုင်ဘူးဆိုရင်၊ လူတွေရဲ့ ဘဝဟာ ဘယ်လောက်ကျယ်ပြောတာလဲဆိုရင် မျက်စိက မြင်ရတဲ့အရာတွေဟာ အများကြီးကျယ်ပြောတယ်၊ နားက ကြားရတဲ့အသံတွေဟာလည်း အများကြီး ကျယ်ပြောတယ်၊ ဒါကို ဖြတ်ကူးဖို့ရန် တော်တော်ခက်တယ်၊ ဟုတ်ရဲ့လား၊ မျက်စိနဲ့မြင်ပြီးတော့ ဖြစ်တဲ့ပျော်ရွှင်မှုကြီးကို ဖြတ်ကျော်ဖို့ခက်တယ်၊ နားက ကြားပြီးတော့ သာယာတဲ့အသံတွေပေါ်မှာ ပျော်မြူးနေတာကို ဖြတ်ကျော်ဖို့ရာခက်တယ်၊ လျှာက အရသာ ခံနေတာတို့၊ နှာခေါင်းက မွှေးကြိုင်တဲ့အနံ့ပေါ်မှာ ပျော်ရွှင်နေတာတို့၊ ခန္ဓာကိုယ်ကနေ ထိတွေ့တဲ့အရာတွေပေါ်မှာ ပျော်ရွှင်နေတာတို့၊ အာရုံငါးပါးကာမဂုဏ်တရားတွေဟာ ဖြတ်ကျော်သွားဖို့ အင်မတန်ခဲယဉ်းတယ်၊ ကျယ်ပြောနေတယ်၊ အဲဒါတွေကို ဖြတ်ကျော်ချင်ရင် သတိကြီးစွာထားပြီး ဖြတ်ကျော်ရမယ်။

သတိကို တည်ဆောက်တယ်ဆိုတာ ကြည့်လေ **သတိပဋ္ဌာန်တရားပွားတဲ့**အခါမှာ လူတွေဟာ ဘယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လောက် သတိမေ့တတ်သလဲ ဆိုတာ သတိပဋ္ဌာန်တရား ပွားကြည့်တဲ့အခါမှာ ကိုယ့်နှာခေါင်းက အမြဲ လေလေး ထွက်နေတာကိုပဲ အစဉ်ထာဝရ ထွက်တိုင်း ထွက်တိုင်း သိရဲ့လား၊ မသိဘူးနော်၊ မေ့သွားတာချည်းပဲ၊ ကိုယ်ဘာ လုပ်နေတယ်ဆိုတာ မေ့နေတယ်။

လူတွေကတော့ ကိုယ့်ကိုယ်ကို သတိရှိတယ်လို့ ထင်နေကြတယ်၊ သို့သော် လူတွေလုပ်နေတာနဲ့ တွေးနေ တာက တခြားစီ၊ ဥပမာ–လူကတော့ ထိုင်နေတယ်၊ စိတ်ကတော့ တခြားရောက်နေတယ်၊ လူက အိပ်နေတယ် စိတ်က တခြားရောက်နေတယ်၊ အဲဒါဟာ မေ့နေတယ် ခေါ်တယ်နော်၊ ဒါပေမဲ့ လူတွေက အဲဒါကို မေ့နေတယ် လို့ မထင်ဘူး သတိရှိနေတယ်လို့ပဲ ထင်တယ်။

ကိုယ်ထိုင်နေတာ ထိုင်နေတယ်လို့ မသိဘူးလေ၊ အိပ်နေရင်လည်း အိပ်နေတယ်လို့ မထင်ဘူး၊ သွားနေရင် လည်း သွားနေတယ်လို့မထင်ဘူး၊ ဘာလို့တုန်းဆို စိတ် က အမြဲတမ်း တစ်နေရာ ရောက်နေတယ်။

ဘာနဲ့ ဥပမာတူတုန်းဆို အိမ်တံခါးဖွင့်ပစ်ခဲ့ပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သွားချင်ရာသွားနေတာနဲ့ မတူဘူးလား၊ ကိုယ့်ခန္ဓာ ကိုယ်ထဲ စိတ်မရှိဘူး တခြားရောက်နေတယ်။

အဲဒါကြောင့်မို့ အင်မတန်ကျယ်ပြောတဲ့ ဘဝခရီးကြီးကို ဖြတ်ကူးတဲ့နေရာမှာ ကိုယ်ဘာလုပ်နေလဲ ဆိုတဲ့အပေါ်မှာ ထားနိုင်တဲ့သတိဟာ အင်မတန်မှ အရေးပါတယ်လို့ဆိုပြီး မြတ်စွာဘုရားက ဒါကိုပြောတာ။

## ဒုက္ခကို ဘာနဲ့ဖယ်ရှားမလဲ?

ကဲ နောက်တစ်ခု – ဆင်းရဲဒုက္ခတွေကို ကျော်လွှားဖို့က ဘာအရေးကြီးလဲ? ဘာနဲ့ ဆင်းရဲဒုက္ခတွေကို ကျော်ဖြတ်မလဲတဲ့။

ခုနကတုန်းက အခက်အခဲကို ကျော်ဖြတ်တယ်၊ ကျယ်ပြောတဲ့အရာကြီးကို ဖြတ်ကူးတယ်၊ အခုတစ်ခါ ဒုက္ခကို ဘာနဲ့ဖယ်ရှားနိုင်သတုန်းဆိုရင် မြတ်စွာဘုရားက **ဝီရိယေန ဒုက္ခမစ္စေတိ**– ကြိုးပမ်းအားထုတ်မှုဝီရိယဖြင့် ဆင်းရဲဒုက္ခကို ဖယ်ရှားပစ်နိုင်တယ်၊ ဆင်းရဲမှုသံသရာကို ကျော်လွှားချင်ရင် ကြိုးစားကြရမှာပေါ့၊ ဒါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြောတာပေါ့၊ ဟုတ်ရဲ့လား၊ မကြိုးစားဘဲနဲ့ ဆင်းရဲမှု သံသရာကြီးမှ မလွတ်မြောက်နိုင်ဘူး၊ ဒါကြောင့်မို့ လွတ်မြောက်ရန်အတွက် ဝီရိယနဲ့ ကြိုးစားအားထုတ်ကြရမယ်။

## စိတ်ဖြူစင်အောင် ဘယ်လိုလုပ်ရမလဲ?

ဒါဖြင့် လောကလူတွေရဲ့စိတ်ဟာ ဖြူစင်သွားအောင် ဘာနဲ့လုပ်ရမတုန်းဆို မြတ်စွာဘုရားက "**ပညာယ ပရိသုဇ္ဈတိ**– ပညာဖြင့်သာ ဆေးကြောလို့ရမယ်" လူတွေရဲ့စိတ်ဟာ ပညာဖြင့်ဆေးကြောတယ်ဆိုရင် ကိုယ့်စိတ်ထဲမှာ ကြည်နေတယ်။

နံနက်မိုးသောက် အလင်းရောက်လို့ မျက်စိနှစ်လုံးပွင့်လာတဲ့ အချိန်ကစပြီး ကိုယ့်စိတ်ကို check လုပ်၊ ဘာတွေတွေးနေလဲ၊ ကိုယ့်စိတ်ထဲမှာ လောဘရှိနေလား၊ ဒေါသရှိနေလား၊ မောဟရှိနေလား၊ စိတ်ရဲ့အညစ်အကြေးတွေ ရှိသလား၊ အာရုံနဲ့တွေ့ရင် စိတ်ဟာ အညစ်အကြေးတွေ ရှိနေလားဆိုတာ ကိုယ်က check လုပ်ရမယ်၊ လုပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တဲ့အခါကြတော့ ဉာဏ်မရှိရင် သိပါ့မလား၊ မသိဘူးတဲ့၊ ကိုယ်ဝတ်တဲ့အဝတ်မှာတော့ ပေတယ်ဆိုတာ မသိဘူးလား၊ သိတယ်၊ စိတ်မှာလည်းပဲ ညစ်ပေလာရင် သိရမယ်၊ မသိရင် ညစ်ပေမှုကို ဖယ်ရှားနိုင်မှာ မဟုတ်ဘူး။

အဲဒါကြောင့်မို့ စိတ်၏အညစ်အကြေးကိုသိဖို့ ပညာလိုအပ်တယ်တဲ့၊ ပညာနဲ့သာလျှင် စိတ်ရဲ့ အညစ်အကြေးတွေကို ဖယ်ရှားပစ်နိုင်တယ်၊ ဒါကြောင့်မို့ သိအောင်ကြိုးစားရမယ်လို့ ဒီလိုပြောတာ။

ကိုယ့်စိတ်လေးဖြူစင်ဖို့ အရပ်စကားပြောရင်တော့ လွယ်တာပေါ့၊ စိတ်ကို ဖြူစင်အောင်ထား – ဖြူစင်အောင်ထားဆိုတာ ဘယ်ဟာက ဖြူစင်တာတုန်း ဘယ်ဟာက မည်းတာတုန်းလို့ မသိရင် ဘယ်လိုလုပ် ဖြူစင်အောင်ထားမလဲ၊ မသိနိုင်ဘူး၊ ဟုတ်ရဲ့လား၊ ဖြူစင်တာကို မည်းတယ် ထင်နေတယ်၊ မည်းတာကို ဖြူစင်တယ်ထင်နေတယ်၊ ဘယ်လိုလုပ် ဖြူစင်အောင် လုပ်လို့ရမလဲနော်။ ပညာရှိမှ ဖြူ၊ မဖြူ သိနိုင်မယ် မဟုတ်လား။ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက ဒီမေးခွန်းရဲ့အဖြေမှာ "ပညာနဲ့ ဖြူစင်စေရမယ်လို့" ဖြေလိုက်တာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ပညာကို ဘယ်လိုရအောင်ယူမလဲ?

အဲဒီလို ဖြေလိုက်တော့ နောက်ထပ် အာဠဝက ကြီးက မေးခွန်းတစ်ခု ထပ်မေးတယ်။ **ပညာ**နဲ့ ဖြူစင်အောင်လုပ်ရတယ်ဆိုတော့ စိတ်ဓာတ်ကို ဒီလို ဖြူစင်စေတတ်တဲ့ပညာမျိုးကို ဘယ်လိုလုပ်ပြီး ရအောင်ယူမလဲ၊ ဒါ မေးခွန်းတစ်ခု။

မြတ်စွာဘုရားက **ပညာ**ရတဲ့နည်းကို ဖြေတယ် "**သုဿုသာ လဘတေ ပညံ**"နားလည်ချင်တဲ့စိတ်၊ နားထောင်ချင်တဲ့စိတ်၊ နားထောင်ချင်တဲ့ဆန္ဒရှိရင် ပညာ ရပါတယ်။

ကြည့်လေ တရားပွဲလာ တရားနာတယ်ဆို ပညာ မရဘူးလား၊ ဒါ နာချင်တဲ့စိတ်ကြောင့်မို့ ဒီပညာက ရတာ၊ တရားနာနေတဲ့အချိန်မှာလည်း ကြိုးစားပြီးတော့ မှတ်မှတ်သားသား နာမယ်ဆိုတဲ့ စိတ်ရှိတဲ့သူက မမှတ်မိဘူးလား၊ အေး ဒါကိုပြောတာ မြတ်စွာဘုရားက ပညာရချင်တယ်ဆိုရင် တတ်ချင်တဲ့စိတ်က အဓိက၊ တတ်ချင်တဲ့စိတ်ရှိရင်တတ်ပြီ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှေးတုန်းက ဆရာတော်ကြီးတစ်ပါးက ပြောလေ့ရှိတယ် လူငယ်တွေကိုတွေ့ရင် "မင်းစာတတ်ချင်လား"တဲ့ "တတ်ချင်ပါတယ်"လို့ ပြောတဲ့အခါ "အေး တတ်ချင်ရင် တတ်ပြီကွာ"လို့ ပြောတယ်၊ ဘာဖြစ်လို့တုန်း ဆိုတော့ တတ်ချင်တဲ့ စိတ်ဟာ ပညာရဲ့မုခ်ဦးပဲ၊ စာတတ်ဖို့ရန်အတွက် စာတတ်ချင်တဲ့စိတ်ဟာ အဓိက၊ ဒါကြောင့်မို့ ပညာရဖို့အတွက် ပညာရချင်တဲ့, သင်ချင်တဲ့ စိတ်ဟာ အဓိကမကျဘူးလား၊ ကျတယ်၊ သင်ချင်တဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ကမှ ပညာကိုရအောင်သင်တာတဲ့၊ ဒါကို မြတ်စွာဘုရားက "**သုဿူသာ လဘတေ ပညံ**"လို့ ပြောတာ။

**ပညာ**ဆိုတာလည်း အဆင့်ဆင့်ပဲ၊ လောကီရှိတယ်, လောကုတ္တရာပညာရှိတယ်၊ သိချင်တဲ့ ပညာတစ်ခုထက်တစ်ခု မြင့်လာတယ်၊ **ဝိပဿနာပညာ** ဆိုတာ ဘာလဲ၊ **မဂ်ပညာ**ဆိုတာ ဘာလဲ၊ သိချင်လာတယ်၊ သိချင်လာလို့ ကြိုးစားတယ်၊ သင်တယ်၊ ကျင့်တယ်၊ ဒါ မြတ်စွာဘုရားက **ပညာရခြင်းအကြောင်း**ကို ဖြေတာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဥစ္စာကို ဘယ်လိုရှာမလဲ?

ဒါဖြင့် လောကီလူတွေဘဝမှာ နေ့စဉ်သုံးဖို့ ပစ္စည်းဥစ္စာ မရှိရင်လည်း မဖြစ်ဘူးတဲ့၊ ဘဝအရေးမှာ နေ့စဉ်သုံးဖို့ စားဖို့အတွက် ပစ္စည်းဥစ္စာက လိုသေးတယ်၊ ခုနကပြောတဲ့ ပစ္စည်းဥစ္စာက သဒ္ဓါဆိုတဲ့ ပစ္စည်းဥစ္စာ အခိုင်မာဆုံးကို ရည်ညွှန်းပြီးပြောတာ၊ နေ့စဉ်စားဖို့ အတွက် ပိုက်ဆံရော မလိုအပ်ဘူးလား၊ လိုအပ်တယ်။

အဲဒီလို လောကီဓနတွေရဖို့အတွက် ဘာလုပ်ရမတုန်းဆိုတော့ မြတ်စွာဘုရားက "**ပတိရူပ ကာရီ ဓုရဝါ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ**–ပစ္စည်းဥစ္စာရချင်ရင် ရနိုင်တဲ့ နည်းလမ်းကို ကျင့်သုံးတဲ့၊ ကြိုးစားတဲ့ လုံ့လဝီရိယ ရှိရမယ်"တဲ့၊ လုံ့လဝီရိယ ရှိပြီးတော့ တက်တက်ကြွကြွ ကြိုးစားအားထုတ်တဲ့၊ အားထုတ်လို့ရှိရင် လောကမှာရှိတဲ့ စီးပွားဥစ္စာတွေ တိုးပွားလာနိုင်တယ်၊ဒါတော့ ဟုတ်တာပဲ။

မြတ်စွာဘုရားပြောတဲ့အထဲမှာ"**ပတိရူပ ကာရီ**" ဆိုတာပါသေးတယ်၊ အဲဒါ ဘာကိုရည်ညွှန်းတာလဲဆို ပစ္စည်းဥစ္စာ ကြီးပွားခြင်း၊ ရခြင်း၊ တိုးပွားခြင်း အတွက်က

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြိုးစားဆိုတာ ဒါ အဓိကတစ်ခု၊ အဲဒီ ကြိုးစားဆိုတဲ့ အထဲမှာ ဘာတွေပါတုန်းလို့ဆို သုတ္တန်တစ်ခုမှာ မြတ်စွာဘုရားက နည်းပညာကျွမ်းကျင်မှု၊ လုပ်ငန်းကျွမ်းကျင်မှု ပါရမယ်၊ ဖွဲ့ကောင်းမှုပါရမယ်၊ ဟော ၃–ခု၊ ကြိုးစားတိုင်းလည်း ရချင်မှရမယ်လေ၊ သာမန်ကြိုးစားပြီး နည်းပညာ မပါရင် အောင်မြင်ပါ့မလား၊ လုပ်ငန်းမကျွမ်းကျင်ရင်ကော အောင်မြင်ပါ့မလား၊ မအောင်မြင်ဘူး၊ အဲဒါကြောင့်မို့ ကြိုးစားဆိုတဲ့အထဲမှာ လုပ်ငန်းကျွမ်းကျင်မှုရယ်၊ ဖွဲ့ကောင်းမှုရယ်၊ နည်းပညာရယ်၊ ခုခေတ်လိုပြောလို့ရှိရင် technology ဆိုတာ အရေးကြီးတယ်လို့ ပြောတာနော်၊ ဘုရားက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ထဲက ပြောခဲ့ပြီးသား၊ စီးပွားရေးပညာနဲ့ပတ်သက်ပြီး ကြိုးစားအားထုတ်လို့ ရှိရင် ပစ္စည်းဥစ္စာရနိုင်တယ်၊ ဟောဒါ တစ်ခု။

## အကျော်အစောရှိရန် ဘယ်လိုလုပ်ရမလဲ?

နောက်တစ်ခု သူက ဆက်မေးတယ်၊ လောကမှာ ပစ္စည်းဥစ္စာတော့ ရှိပါပြီ၊ အချို့ကျ အကျော်အစော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဲ့တယ် ဂုဏ်သတင်းမရှိဘူးပေါ့၊ လူဆိုတာ ပိုက်ဆံရှိရုံနဲ့ တင် မပြီးဘူး ဂုဏ်သတင်းကလည်း မကြီးချင်ဘူးလား၊ လူကြားထဲမှာ သူကလည်း နာမည်လေးကထွက်ချင်သေး တာကိုး၊ လူတိုင်းလူတိုင်းမှာ ပိုက်ဆံလေးရှိလာရင် နာမည် လေးက ရချင်တယ်။

ဒါဖြင့် နာမည်ရချင်ရင် ဘာလုပ်ရမတုန်းဆို မြတ်စွာဘုရားဖြေတာ "**သစ္စေန ကိတ္တိံ ပပ္ပေါတိ**" တဲ့ မှန်ကန်ဖို့လိုတယ်၊ မှန်ကန်ရင် နာမည်ရပါတယ်၊ ဟုတ်ရဲ့ လား၊ ဘာလုပ်လုပ် အမှန်တရားပေါ်မှာ ရပ်တည်ပြီး လုပ် ဖို့ လိုတယ်၊ အရပ်ထဲမှာပဲကြည့်လေ ဟောဒီလူက လူမှန် ဆိုပြီး သူ့မလေးစားကြဘူးလား၊ လေးစားကြတယ်၊ ဒီ လူဟာဘယ်တော့မှ မဟုတ်တာ မလုပ်ဘူး, မှန်ကန်တယ်, **သမာဓိ**ရှိတယ်ဆိုပြီး ဂုဏ်သတင်းက ထွက်လာတာပဲ၊ အဲဒါကြောင့်မို့ "**သစ္စေန ကိတ္တိံ ပပ္ပေါတိ**"လူတစ် ယောက်ဟာ **သစ္စာ**ရှိတယ်၊ **ကတိ**တည်တယ်၊ **မှန်ကန်** တယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ကျော်စောလာတာပဲ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မိတ်ဆွေတွေရချင်ရင် ဘယ်လိုလုပ်ရမလဲ?

ထင်ပေါ်ကျော်ကြားပြီးတော့ အချို့က အပေါင်းအသင်းမိတ်ဆွေများချင်တယ်၊ လူတွေဟာ ပြောကြတယ်လေ"တစ်ရွာကိုတစ်ကျီဆောက်"ဆိုတာ အဲဒါ ဂိုဒေါင်တွေ လိုက်ဆောက်ခိုင်းတာမဟုတ်ဘူး၊ ရွာတိုင်း နေရာတိုင်းမှာ မိတ်ဆွေတွေရှိရမယ် ပြောတာနော်၊ ဒါဖြင့်မိတ်ဆွေတွေ ရအောင် ဘယ်လိုလုပ်ရမလဲဆိုရင် မြတ်စွာဘုရားက ဖြေတယ် **"ဒဒံ မိတ္တာနိ ဂန္ထတိ"**တဲ့ မိတ်ဆွေတွေ များများရအောင်ကတော့ ပေးပါတဲ့၊ပေးတဲ့လူက မိတ်ဆွေများများရတယ်၊ ဟုတ်ရဲ့လား၊ ပေးရမယ်၊ နှမြောနေရင် မိတ်ဆွေ မရှိဘူး။

ဒါကြောင့်မို့ ဗမာစကားမှာ အခွေအရံလို့ ပြောကြတယ်လေ၊ အခွေအရံဆိုတာ ခွေနိုင်မှရံတယ်တဲ့၊ မိတ်ဆွေဖွဲ့ပြီး ဟိုဟာလေးတောင်း ဒီဟာလေးတောင်း တောင်းတတ်တယ်၊ သူတို့ ဝါသနာ ကိုယ်ကပေးရင် မိတ်ဆွေ ပေါတယ်၊ အဲဒီမှာ အော် – မြတ်စွာဘုရားက အိန္ဒိယတို့ သီဟိုဠ်တို့ ကြည့်ပြီး ဒါယောပုံ ရတယ်လို့၊ ပေးနိုင်လို့ရှိရင် မိတ်ဆွေ အလွန် ပေါတယ်။

ဟိုးရှေးတုန်းက သီဟိုဠ်ကို ဗမာပြည်က အများကြီးလှူခဲ့တယ်၊ အများကြီး ထောက်ပံ့ခဲ့တယ်၊ အဲဒီတုန်းက မြန်မာကို သူတို့က ဗုရုမာလို့ ခေါ်တယ်၊ ဗုရုမာဆို မသိတဲ့ လူမရှိဘူး၊ အခုနောက်ပိုင်းကျတော့ မြန်မာပြည်က အဆက်အသွယ်ပြတ်သွားတယ် အဆက်အသွယ်ပြတ်သွားပြီးနောက် ဘယ်သူတွေ အဆက်အသွယ်များတုန်းဆို ထိုင်းတွေက အဆက်အသွယ်များလာတယ်၊ ထိုင်းတွေက လှူတယ် တမ်းတယ်ဆိုတော့ ထိုင်းကိုပဲ သိကြတယ်၊ ဗမာကို မသိတော့ဘူး၊ ကြည့် "ဒဒံ မိတ္တာနိ ဂန္ထတိ" ဆိုတာ ဒါကိုပြောတာနော်၊ ပေးနိုင် ကမ်းနိုင်ရင် မိတ်ဆွေတွေရတယ်တဲ့။

## နောက်ဆုံးမေးခွန်း

ကဲ ကောင်းပြီဘုရားတဲ့၊ နောက်ဆုံးမေးခွန်းလေးက ဘာလဲဆိုတော့–နောက်ဘဝအရေးနဲ့ ပတ်သက်ပါတယ်၊ ဒီဘဝတော့ ဒီလောက်ဆို လုံလောက်ပြီ၊ မိတ်ဆွေလည်းပေါပြီ၊ အကျော်အစောတွေလည်းရပြီ၊ ပစ္စည်းဥစ္စာတွေလည်း ချမ်းသာနေပြီ၊ ပညာလည်းရပြီဆို မလုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လောက်သေးဘူးလား၊ လုံလောက်သွားပြီ၊ ဒါပေမဲ့ နောက်ဘဝအရေး စိတ်အေးဖို့ ဘာလိုသေးတုန်းဆိုပြီး မြတ်စွာဘုရားကို မေးတယ် "အရှင်ဘုရား နောင်ဘဝမှာ စိတ်အေးဖို့ ဘာတွေလိုတုန်း ဘယ်တရားတွေ ကျင့်သုံးမှ နောက်ဘဝအရေး စိတ်အေးမလဲ" မေးတော့ မြတ်စွာဘုရားက "**သစ္စံ ဒမ္မော ဓိတိ စာဂေါ**" ဆိုပြီး တရား ၄-မျိုးကို ဟောတယ်။

**သစ္စံ**ဆိုတဲ့ အမှန်တရားရှိဖို့ လိုတယ်တဲ့၊ **ဒမ္မော** ဆိုတဲ့ အသိပညာရှိဖို့ လိုတယ်တဲ့၊ **ဓိတိ**ဆိုတဲ့ လုံ့လဝီရိယရှိဖို့ လိုတယ်တဲ့၊ **စာဂေါ**ဆိုတဲ့ စွန့်ကြဲ ပေးကမ်းမှုရှိဖို့ လိုတယ်။

ဆိုလိုတာက ဘဝခရီးအတွက် စိတ်အေးရအောင် လိုအပ်တဲ့အချက်တွေကတော့ မှန်ကန်တာကို ပြောဖို့ လိုတယ်၊ ကိုယ့်ဘဝ ကိုယ့်အကြောင်း, အကောင်းနဲ့အဆိုး, အကြောင်းနဲ့အကျိုးသိတဲ့ပညာလိုတယ်၊ ကြိုးပမ်း အားထုတ်မှု လုံ့လဝီရိယလိုတယ်၊ **စာဂ** ဆိုတဲ့ ကိုယ်တစ်ယောက်တည်း မသုံးစွဲဘဲနဲ့ ကိုယ့်ရှိတဲ့ပစ္စည်းကို အများ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နဲ့မျှဝေသုံးစွဲတတ်တဲ့ စွန့်ကြဲမှုဆိုတာ လိုတယ်တဲ့၊ အဲဒီ ၄–မျိုးနဲ့ ပြည့်စုံရင် နောက်ဘဝအရေး စိတ်အေးရ ပါတယ်တဲ့၊ မြတ်စွာဘုရားက အာဠဝကကြီးကို ဟောတာ နော် အားလုံးမေးခွန်းပေါင်း ၁၃ ခုနှင့် အဖြေ ၁၃ ခု။

တရားချစ်ခင် သူတော်စင်ပရိသတ်တို့ ဗုဒ္ဓ မြတ်စွာက အာဠဝကသုတ္တန်မှာ ဒီအချက်တွေ ဟောထား တယ် ဒီမေးခွန်းတွေရဲ့ အဖြေတွေဟာ ကဿပမြတ်စွာ ဘုရားဖြေခဲ့တဲ့ အဖြေတွေနဲ့ ဂေါတမမြတ်စွာဘုရား ဖြေခဲ့တဲ့အဖြေတွေဟာ လုံးဝထပ်တူပါပဲ၊ ကဿပမြတ်စွာ ဘုရား ဖြေခဲ့တဲ့ အဖြေအတိုင်း ဂေါတမမြတ်စွာဘုရား သခင်ကိုယ်တော်မြတ်က ထပ်ဆင့်ဖြေတယ်၊ ဒီ သုတ္တန် ကြီးဟာ ကဿပဘုရားရှင်လက်ထက်က မေးခွန်းတွေကို ဖြေထားတဲ့သုတ္တန်၊ ဂေါတမဘုရားရှင် လက်ထက်မှာ လည်း ဖြေထားတဲ့သုတ္တန်ဆိုတော့ ဘုရားနှစ်ဆူ ဟော ထားတဲ့ သုတ္တန်ဖြစ်တယ် ဒီလို မှတ်ရမယ်။

ဒီအဖြေတွေဟာ ဘဝအရေး စိတ်အေးဖို့ရန် အတွက် ဘုရားနှစ်ဆူဖြေခဲ့တဲ့ အဖြေတွေ အခုပြောခဲ့တဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အချက်အလက်တွေ မိမိတို့သန္တာန်မှာ မရှိသေးလို့ရှိရင် ရှိအောင်ကြိုးစားအားထုတ်ဖို့ လိုအပ်တယ်၊ တရားနာပြီး ရင် လိုက်နာကြရမှာ ဒီအချက်တွေကို ဗုဒ္ဓမြတ်စွာ ဟော ကြားတော်မူခဲ့တဲ့ အခု အာဠဝကသုတ္တန်မှာလာတဲ့အတိုင်း မိမိတို့ကိုယ်တိုင် လိုက်နာကျင့်သုံးကြပြီဆိုရင် လူတိုင်း လူတိုင်းဟာ ဒီဘဝအရေးပဲဖြစ်စေ၊ နောက်ဘဝ အရေးပဲ ဖြစ်စေ၊ ယခုဘဝ နောက်ဘဝဆိုတဲ့ ဘဝအရေးတွေမှာ စိတ်အေးနေရပါပြီ။

အားလုံးသော တရားချစ်ခင်သူတော်စင်ပရိသတ် တို့သည် ဘဝအရေးစိတ်အေးရလေအောင် ဟောဒီတရား များကို ကျင့်ကြံကြိုးကုတ်အားထုတ်တော် မူနိုင်ကြပါစေ ကုန်သတည်း။

ပြီးပါပြီ။

# လောကဓံ ကြံ့ကြံ့ခံ

❖ ဥစ္စာဓန – လိုတာရ၊ လာဘ လောကဓံ၊
လိုတာမရ၊ အလာဘ၊ မှတ်ကြ လောကဓံ။

❖ ခြံရံများမှု၊ ယသ – ဟူ၊ မှတ်ယူ လောကဓံ။
ခြံရံ – ကင်းပ၊ အယသ၊ မှတ်ကြ လောကဓံ။

❖ ချီးမွမ်း ထောမနာ၊ ပသံသာ – မှတ်ပါ လောကဓံ၊
ကဲ့ရဲ့တစ်ဖြာ + ကြုံရတာ၊ နိန္ဒာ – လောကဓံ။

❖ ကိုယ်, စိတ်နှစ်ဝ၊ ချမ်းသာရ၊ သုခ – လောကဓံ။
ဆင်းရဲပြန်မူ၊ ဒုက္ခ – ဟူ၊ မှတ်ယူ လောကဓံ။

❖ ကောင်း, ဆိုး နှစ်လီ၊ ထိုဤ ကြုံပြန်၊ လောကဓံကို၊
သိညာဏ်ရှေ့ထား၊ မချောက်ချားနဲ့၊
ကြိုးစားတွန်းလှန်၊ ကြံ့ကြံ့ခံ ။ ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မေတ္တာနှင့် သစ္စာ

❖ မိတ်ဆွေရဲ့နှလုံးသားမှ၊
ပေါက်ဖွားလာတဲ့ စိတ်ထားမျိုးကို၊ " မေတ္တာ "။

❖ ပကတိသရုပ်ကို၊ မဖုံးမအုပ်ဘဲ၊
အရှိအတိုင်း၊ ဖော်ထုတ်ပြောတာ၊ " သစ္စာ "

❖ " မေတ္တာနဲ့သစ္စာ ဟာ၊
အလွန် အစွမ်းထက်တဲ့ မန္တာန်ဖြစ်တယ်။

❖ အန္တရာယ်ကင်း၊ ပရိတ်တရားတော်တွေဟာ
အများအားဖြင့်၊ မေတ္တာနဲ့ သစ္စာ စွမ်းအားကို
အသုံးပြုထားတာ ဖြစ်တယ်။ ။

## သည်းခံခြင်း

❖ သည်းခံတယ် ဆိုတာ၊
အရာရာကို အပြုံးမပျက်
ရင်ဆိုင်ရဲတဲ့သတ္တိကို ခေါ်တယ်။ ။

## အရှင်နန္ဒမာလာဘိဝံသ၏
## ထုတ်ဝေပြီး မွေစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၂။ MRTV (4) တရားတော်များ (၃) ပုဒ်တွဲ

(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်

(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

(ဂ) အဘိဓမ္မာ နှေမြတ်အခါ

၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း

၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း

၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား

၆။ ဘဝအရေး စိတ်အေးရလေအောင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဓမ္မဒါနကုသိုလ်ရှင်

.............................

[illegible]